ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ စနေနေ့၊ (14-5-2005)(၄၅၉၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ကနေဒါနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



ရန်ကုန် မေ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဒင်နီကော်မိုးသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာဒင်နီကော်မိုး ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျန်၊ မက်သီဆန်သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျန်၊ မက်သီဆန် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၅-၂၀၀၅
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့တော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအကျိုးပြု ခရမ်းရေထိန်းတံခါး တည်ဆောက်ဖွင့်လှစ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော် ခေတ်မီဖွံ့ဖြိုးလာခြင်းနှင့်အတူ ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည်တွင် လယ်ယာမြေများဖြင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားသည်။

ရန်ကုန်မြို့တော်ပတ်ဝန်းကျင်မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအကောင်အထည်ဖော်ခြင်းသည် ရန်ကုန်တိုင်းအတွင်း စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေသည်။ အဆိုပါစိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် ရန်ကုန်တိုင်းအတွင်း မြို့နယ်များအားလုံးနှင့်အကျုံးဝင်ပြီး ရေသွယ်တူးမြောင်းများ၊ ရေထိန်းတံခါးများနှင့် ဆည်တမံအသေးစားများကို လိုအပ်သောဒေသများတွင် ဆက်စပ်တည်ဆောက်ပေးရုံဖြင့် အချိန်တိုအတွင်းစိုက်ပျိုးရေးအတွက် အကျိုးသက်ရောက်မှု ရရှိနိုင်မည်ဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးရှိ ခရမ်းချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် ခရမ်းရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို မေလ ၁၂ ရက်နေ့က အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **ဘက်စုံ၊ နယ်စုံ၊ အလွှာစုံ၊ နေရာစုံတွင် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်ပြီး မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြေခံစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးကအစ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်း အဝဝတွင် တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံနှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ** ဟူ၍ တိုက်တွန်းမှာကြားသွားသည်။

နိုင်ငံတော်က စီးပွားရေး၏အခြေခံ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်စေရေးအတွက် စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအစီအမံများကို နိုင်ငံတစ်ဝန်း စဉ်ဆက်မပြတ် ဖော်ဆောင်ပေးလျက်ရှိရာ ဆည်တမံ၊ ရေထိန်းတံခါးနှင့် မြစ်ရေတင်စီမံကိန်းလုပ်ငန်းများပါဝင်သည်။ ယခုဖွင့်လှစ်လိုက်သည့် ခရမ်းရေထိန်းတံခါးသည် နိုင်ငံတစ်ဝန်း တည်ဆောက်ပြီးစီးခဲ့သည့် ၁၇၄ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၆ ခုမြောက် စီမံကိန်းလည်းဖြစ်သည်။

ခရမ်းရေထိန်းတံခါးကို တည်ဆောက်နိုင်သည့်အတွက် ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်နှင့် သန်လျင်မြို့နယ်များရှိ ရေကြီးရေလွှမ်းကွင်းများမှ လယ်မြေများအား ရေလွှမ်းမိုးမှု၊ ဆားငန်ရေ ဝင်ရောက်မှုတို့မှ ကာကွယ်ပေးနိုင်သည့်အပြင် မိုးနှောင်းကာလ၌ ရေချိုများထိန်းသိမ်းပြီး မိုးစပါးအောင်ရေ၊ နွေစပါး စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ပေးဝေနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ခရမ်းရေထိန်းတံခါးသည် ကွန်ကရစ်ရေတံခါးပေါက် ၄၀ တပ်ဆင်ထားကာ ရေခေါ်မြောင်းမအလျားပေ ၄၀၀၀၊ ရေထုတ်မြောင်းအလျားပေ ၂၅၀၀တို့ဖြင့် တည်ဆောက်ထားပြီး စိုက်ပျိုးမြေဧရိယာဧက ၃၀၀၀၀ ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိချိန်တွင် ခရမ်းရေထိန်းတံခါးကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ရှိ တောင်သူလယ်သမားများအနေဖြင့် အဓိကသီးနှံ မိုးစပါးအပြင် နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုပါ သီးထပ်စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ယခုကဲ့သို့ မျက်မှောက်ကာလ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက်သာမက နောင်သားစဉ်မြေးဆက် အကျိုးခံစားရရှိစေမည့် အမွေကောင်း၊ ရလဒ်ကောင်းများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ တိုင်းရင်းသားပြည်သူအားလုံးကလည်း နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ ကျရာကဏ္ဍအလိုက် ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

အခွန်ပြုပြင်ပြောင်းလဲရေး အစီအစဉ် အိန္ဒိယအကောင်အထည်ဖော် အာဆီယံနိုင်ငံများ၏ အခွန်နှုန်းထားများနှင့် တူညီစေမည်

နယူးဒေလီ မေ ၁၂

အိန္ဒိယအစိုးရအဖွဲ့သည် လာမည့်နှစ်များတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အခွန်နှုန်းထားများနှင့် တစ်ပြေးညီဖြစ်စေရန် အခွန်နှုန်းထားများ လျှော့ချခြင်းအပါအဝင် အခွန်ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ အခွန်ဆိုင်ရာ စီမံခန့်ခွဲရေးစနစ် တိုးတက်ကောင်းမွန်စေကာ အခွန်ရှောင်တိမ်းမှုများကို ဟန့်တားနိုင်ရန် စည်းမျဉ်းဥပဒေများအား ပိုမို၍အာဏာသက်ဝင်စေမည် ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးချီဒါဘာရမ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အခွန်နှင့် ဝန်ဆောင်မှုအခွန်များအတွက် အင်တာနက်မှ တစ်ဆင့်ငွေပေးချေနိုင်သော စနစ်သစ်တစ်ရပ်ကို ပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း ချီဒါဘာရမ်က ပြောကြားသည်။ အခွန်ပေးဆောင်သူများအတွက် အကူအညီပေးရေးဌာနတစ်ခုကို ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အခွန်စီမံ ခန့်ခွဲရေးစနစ်တိုးတက်စေရန်အတွက် ကုမ္ပဏီကြီး ၅၅၀၀အတွက် အင်တာနက်မှ တစ်ဆင့်ငွေပေးချေရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် အခွန်ရှောင်တိမ်းမှု ပပျောက်ရေး ကြိုးပမ်းရာတွင် ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းတို့ ပြုလုပ်ခြင်းထက် သတင်းထောက်လှမ်းခြင်းမှတစ်ဆင့် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အခွန်ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အာဆီယံနိုင်ငံများနှင့် အခွန်နှုန်းထားများ တစ်ပြေးညီ ဖြစ်စေရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရေကြီးမှုကြောင့် ပျက်စီးခဲ့ရသော လမ်းတံတားများ ဘင်္ဂလားဒေ့ရှ်တွင် ပြန်လည်ပြင်ဆင်တည်ဆောက်မည်

ဒါကာ မေ ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရသည် ပြီးခဲ့သောနှစ် ဇူလိုင်နှင့် ဩဂုတ်လများအတွင်းက ရေကြီးမှုကြောင့် ပျက်စီးခဲ့ရသော မီးရထားလမ်းနှင့် ကားလမ်း ကီလိုမီတာ ၄၀၀၀နှင့် အခြားအခြေခံအဆောက်အအုံများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန်အတွက် စီမံကိန်းများ စတင်ဆောင်ရွက်မည်ဖြစ်သည်။

အထောက်အပံ့ရယူ

ထိုစီမံကိန်းကို ရေကြီးမှုအပျက်အစီးများ ပြန်လည်ထူထောင်ရေးစီမံကိန်းဟု သညာပြုထားပြီး စီမံကိန်းအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၇၄ သန်းရှိမည်ဖြစ်သည်။ လိုအပ်သောငွေကြေးကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့မှ အထောက်အပံ့ရယူမည်ဖြစ်ကြောင်း သည်နယူးအိပ်ချ်သတင်းစာက ဧပြီ ၁၁ ရက်နေ့သတင်းတွင် ဖော်ပြခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ ၆၆ သန်းရယူမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ ၄၁ သန်းရယူမည်ဖြစ်ကြောင်း သက်ဆိုင်ရာအသိုင်းအဝိုင်းမှ သတင်းရရှိသည်။ အဆိုပါစီမံကိန်းသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလခန့်တွင် ပြီးစီးမည်ဖြစ်သည်။

ရည်မှန်း

ပျက်စီးသွားသောအခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုစေရန် ရည်မှန်း၍ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယမန်နှစ်က အချိန်ကြာမြင့်စွာ ရေကြီးမှုဒဏ်ကို ခံခဲ့ရသည့်အတွက် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်။ ထို့အပြင် စီးပွားရေးတိုးတက်နှုန်းကိုလည်းကျဆင်းသွားစေခဲ့သည်။

အဆိုပါ ရေကြီးမှုကြောင့် လမ်းအရှည် ကီလိုမီတာ ၆၀၀၀ ကျော်၊ တံတားမီတာပေါင်း ၂၈၀၀ကျော်နှင့် ရေနုတ်မြောင်းများစွာတို့ ပျက်စီးခဲ့ရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နည်းပညာမြှင့်တင်မှုလုပ်ငန်း ယူနန်ပြည်နယ် ဒေါ်လာ ၃ဘီလီယံမြှုပ်နှံမည်

ကူမင်း မေ ၁၂

တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်သည် နည်းပညာအဆင့်မြှင့် လုပ်ငန်းများ တိုးတက်လာစေရန် ယွမ် ၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်းပြည်နယ် အစိုးရက ထုတ်ပြန်ကြေညာသည်။

ယူနန်ပြည်နယ်သည် ၂၀၀၄ ခုနှစ်က နည်းပညာအဆင့်မြှင့်လုပ်ငန်းတွင် ယွမ် ၁၉၃သမ၉၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၃သမ၄ဘီလီယံ) ရင်းနှီးမြှုပ်နှံပြီး ဓာတုပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊သံမဏိထုတ်လုပ်ရေးလုပ်ငန်းနှင့် စွမ်းအင်သုံးစွဲရေးလုပ်ငန်း အပါအဝင် အရေးကြီးသည့် နည်းပညာအဆင့်မြှင့် စီမံကိန်း ၈၈ ခုကို အပြီးအစီးဆောင်ရွက်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် လယ်ယာလုပ်ငန်း၊ ဇီဝဗေဒလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် လျှပ်စစ် ဓာတ်ပုံလုပ်ငန်းများ၏ နည်းပညာအဆင့်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့ အိုင်ယာလန်သို့အလည်အပတ်ရောက်ရှိ

လန်ဒန် မေ ၁၂

ဂျပန်ဧကရာဇ်အာကီဟီတိုနှင့်မိဖုရားမိချီကိုတို့သည် မေ ၇ ရက်က ဂျပန်နိုင်ငံမှ အိုင်ယာလန်နိုင်ငံသို့ အလည်အပတ်ခရီး ဆိုက်ရောက်လာသည်။

လေးရက်ကြာ နေထိုင်လည်ပတ်သည့် အဆိုပါ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ရန် ရည်ရွယ်ထားသည်။ယခုခရီးစဉ်အတွင်း ဂျပန်ဧကရာဇ်သည်အိုင်ယာလန်နိုင်ငံသမ္မတ မက်အယ်လ်ဆီနှင့် တွေ့ဆုံခဲ့သည်။

အိုင်ယာလန်နိုင်ငံသို့အိမ်ရှေ့မင်းသားဇနီးမောင်နှံအဖြစ်ဖြင့်လည်း၁၉၈၅ခုနှစ်က တစ်ကြိမ်ရောက်ခဲ့ဖူးပြီး ယခုခရီးစဉ်သည် ဒုတိယအကြိမ် ခရီးစဉ်ဖြစ်သည်။

ဒုတိယခရီးစဉ်ဖြစ်

ဧကရာဇ်အာကီဟီတိုနှင့် မိဖုရားတို့သည် ၂၀၀၂ ခုနှစ်က ပြည်ပခရီးစဉ်အဖြစ်ပိုလန်၊ ဟန်ဂေရီ၊ ချက်သမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ ယခုခရီးစဉ်မှာ ဧကရာဇ်တို့အတွက် ဒုတိယပြည်ပခရီးစဉ်ဖြစ်သည်။

မေ ၁၀ ရက်တွင် ဂျပန် ဧကရာဇ်ဇနီးမောင်နှံတို့သည် လေးရက်ကြာလည်ပတ်ရန် နော်ဝေနိုင်ငံအော်စလိုမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာခဲ့သည်။

နော်ဝေနိုင်ငံသို့လည်ပတ်သည့်အချိန်သည် ဂျပန်နှင့်နော်ဝေသံတမန် ဆက်ဆံရေး အနှစ် ၁၀၀ ပြည့်သည့် အချိန်အခါနှင့် တိုက်ဆိုင်လျက်ရှိသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	**မိုးကုတ်ဆရာတော်ကြီး တရားတော်– – ဓဏ္ဍုနရဟန်း တရားတော်**
၉း၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉း၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** –International Trade & Financial Institutions. **(ဒုတိယနှစ်–စီးပွားရေး)**
၅း၃၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရုပ်သံလင့်ရုပ်မြင်ဇာတ်လမ်း– "အမြွာနဲ့ ကြမ္မာ" (အပိုင်း–၂၁)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရုပ်သံလင့်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလုနဲ့ ရွှေမင်းသမီး" (အပိုင်း–၂၃)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။



လက်ခံ တွေ့ဆုံ

မေ ၁၃ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒင်နီကော်မိုးအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရွှေဖုံး)

(သတင်းစဉ်)

တွေ့ဆုံ

မေ ၁၃ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး မစ္စတာဂျန်၊ မက်သီဆန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။

(သတင်း–ရွှေဖုံး)

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၇း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀	ဝါသနာရှင်စင်မြင့်
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	နေ့စဉ်သုံးမြန်မာစာအရေးအသား
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ဥယျာဉ်တောင်ရွာ၏ ရွှင်ကြည်မနော၁အလှူတော်
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	မျက်လှည့်ပဒေသာ
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	သံချည်သံကွေးအတတ်ပညာ
၉း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ဖန်တီးသူတို့အနုပညာ
၁၀း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	နာတာရှည်ရောဂါ(သို့)ဝက်ရူးပြန်ရောဂါ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အလိုတော်ပြည့် ဓမ္မာစရိယသင်တန်း ဖွင့်လှစ်ပို့ချမည်

ရန်ကုန် မေ ၁၃

အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ်၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ ဝါကျဥယျာဉ် ကျမ်းပြု ဆရာတော် ဘဒ္ဒန္တ သုစိတ္တာ ဘိဝံသ၏ သတ္တမအကြိမ်မြောက် ဓမ္မာစရိယ သင်တန်းကို မေ ၁၇ရက် အင်္ဂါနေ့မှ စ၍ ဇွန် ၃၀ရက်အထိ ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရတနာလမ်းနှင့် စစ်တောင်းလမ်းထောင့်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ မွန်းလွဲ ၁နာရီခွဲမှ ၂နာရီခွဲအထိတစ်ကြိမ်၊ ညနေ ၃နာရီမှ ၄နာရီအထိတစ်ကြိမ်၊ တစ်နေ့လျှင် နှစ်ကြိမ်စီပို့ချ သင်ကြားမည်ဖြစ်ရာ မည်သူမဆိုတက်ရောက် သင်ယူနိုင်သည်။ (က–ပ)

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးဌာနမှထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဓါတ်ပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ကျင်းပသည့် (၂၀၀၅)ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့်သတင်း၊ သိန်းစိန်(အမျိုးသားစာပေ–၁၉၆၅)၊ မောင်မောင်အုန်း(လယ်ဝေး)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်၊ အမျိုးသားစာပေဆုရ)၊ စောလှနွယ် (မကွေး)၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ ပါမောက္ခဦးအေးမြင့်(ပထဝီဝင်)၊ မောင်ပညာကျော်၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)တို့၏ဖတ်ဖွယ်မှတ်ဖွယ်ဆောင်းပါးများ၊ ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

အခြေခံဓာတ်ပုံပညာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ (၃၄)ကြိမ်မြောက် အခြေခံဓာတ်ပုံပညာ သင်တန်းကို မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်၌ ဇွန် ၁၁ရက် နံနက် ၉နာရီတွင် သင်တန်းဖွင့်ပွဲကျင်းပမည်ဖြစ်ပြီး ဇွန် ၁၃ရက် ညနေ ၅နာရီမှစ၍ ဓာတ်ပုံပညာဘာသာရပ်များကို စတင်ပို့ချသွားမည်ဖြစ်ရာ သင်တန်းတက်လိုသူများကို မေ ၁၆ရက် နံနက် ၁၁နာရီမှစ၍ ဓာတ်ပုံအသင်းတိုက်၌ လက်ခံသွားမည်ဖြစ်သည်။

သင်တန်း ကာလမှာသုံးလမျှကြာမြင့်မည်ဖြစ်ပြီး ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများဖြစ်သော တက္ကသိုလ်စိုးဝင်း၊ ရန်ကုန်ဝင်းဖေ၊ ဦးမောင်မောင်သောင်း၊ ဦးဝင်းမောင်[ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့ရုပ်ရှင်လုပ်ငန်း]၊ ဦးမြင့်သိန်းဖေ (ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ ဒါရိုက်တာအကယ်ဒမီ ပန်းချီစိုးမိုး၊ ဦးမိုးမင်း(Rays)၊ ဦးဖေမြင့်ဦး(Comet)၊ ဦးထင်လင်း(Golden Arrow)တို့က သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းကာလ စနေနေ့များတွင် ဟောပြောပွဲများပြုလုပ်မည်ဖြစ်ရာ ဝါရင့်ပညာရှင်ကြီးများဖြစ်သော ဦးသန်း(ကုန်သွယ်ရေး)၊ ဥက္ကလာထွန်းရွှေ၊ ညောင်ဦးဖိုးချို၊ ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)၊ ဦးဌေးဝင်း(ဘဏ်)၊ ဦးဇော်မင်းယု၊ ဦးဇော်မြင့်(Nagoya)၊ ဦးအောင်ကိုလတ်နှင့် ပန်းချီပညာရှင်ကြီးများဖြစ်ကြသော ဦးလွန်းကြွယ်၊ ဦးမောင်မောင်လှမြင့်၊ ဦးမင်းဝေအောင်တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိလိုပါက သင်တန်းမှူး၊ အတွင်းရေးမှူး ရွှေလေ့မျိုးအောင် ဖုန်း–၃၇၃၁၆၇ထံဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ သင်တန်းနေရာအခက်အခဲကြောင့် သင်တန်းသားဦးရေကန့်သတ်ထားသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပ ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ လူငယ်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးတင်ပြ

ရန်ကုန် မေ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ မေ ၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံ စေတီတော် အနီးရှိ အောင်မင်္ဂလာခန်းမ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီးမှ လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)

အစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မနန်းမြရည်သင်းက ဆွေးနွေးတင်ပြရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)သည် အကျယ်အဝန်းအားဖြင့် စရိယာစတုရန်းမိုင် ၂၁၆၅ ဒသမ ၂၉၆ ရှိပြီး ခရိုင် သုံးခရိုင်၊ မြို့နယ်ပေါင်း ၂၁ မြို့နယ်နှင့် မြို့ပေါင်း ခုနစ်မြို့တို့ ပါဝင်ကြပါကြောင်း။

ပြည်နယ်၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ နှစ်သန်းကျော်တို့ စုပေါင်းနေထိုင်လျက်ရှိကြပြီး ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်တွင် လူဦးရေ ၉၄ ဦးခန့် နေထိုင်လျက်ရှိပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် စက်မှုကဏ္ဍ တိုးတက်မြင့်မားရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက တောင်ကြီး အေးသာယာစက်မှုဇုန်ကို တည်ထောင်ပေးခဲ့ပါကြောင်း၊ ယခုအခါ လုပ်ငန်းပေါင်း ၂၆၁၈ ရှိပြီး၊ ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၆၃၇ ဒသမ ၅၉ သန်း ရှိလာပြီဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မနန်းမြရည်သင်းက ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် စိုက်ပျိုးမြေဧက ၆၄၁၄၅၉ သာရှိရာမှ ယခုအခါ ဧက ၁၀၆၆၃၆၇ ထိ တိုးတက်စိုက်ပျိုးလာနိုင်ပြီ ဖြစ်ပါကြောင်း၊ စပါးစိုက်ဧက ၄၄၇၆၄၂ အထိ ရှိလာသည့်အတွက် ဒေသဝမ်းစာဖူလုံမှုနှုန်းမှာ ၉၅ ဒသမ ၈၄ အထိ တိုးတက်လာခဲ့ပါကြောင်း၊ ဆီထွက်သီးနှံစိုက်ဧကများကိုလည်း ၈၈၄၂ ဧကအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ပြီး အခြားသီးနှံ စိုက်ဧကများမှာလည်း ၁၆၉၉၇၉ ဧကအထိ တိုးတက်လာခဲ့ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီ ရှစ်ခုတို့က တာဝန်ယူပြီး နှစ်တို၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးခဲ့ကြရာ ၂၈၇၅၃ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

ပြည်နယ်တစ်ခုလုံး၏ GDP အနေဖြင့်လည်း ကျပ်သန်းပေါင်း ၁၃၇ ဒသမ ၈ ဘီလီယံ ရှိခဲ့ပြီး လူတစ်ဦးချင်း၏ ဝင်ငွေမှာ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ၁၅၂၈၃၅ ကျပ်အထိ တိုးတက်လာခဲ့ပါကြောင်း၊ နှစ်စဉ် ၁ ဒသမ ၆ ဆ တိုးတက်လျက်ရှိပါကြောင်း။

သားငါးထုတ်လုပ်မှုကဏ္ဍတွင်လည်း ယခင်က ကြက်ကောင်ရေ ၇၁၆၇၅၆ ကိုသာ မွေးမြူနိုင်ခဲ့ရာ ယခုအခါ ၅၅၃၄၄၁၈ကောင်အထိ လည်းကောင်း၊ ဝက်ကောင်ရေ ၁၁၂၉၈၈ ရှိရာမှ ယခုအခါ ၂၈၅၈၇၅ ကောင်အထိလည်းကောင်း တိုးတက်မွေးမြူလာနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ငါးကန်များကို ဖော်ထုတ်လုပ်ကိုင်စေခဲ့ရာ ငါးကန်ပေါင်း ၈၈၆ ကန်အထိ ဖော်ထုတ်နိုင်ခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ၊ ကယားစသည့် တိုင်းနှင့်ပြည်နယ်များသို့ ငါးသားပေါက်နှင့် ငါးသန်အကောင်ပေါင်း ၁၂၃၅၀၀၀၀ တို့ကို ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း။

သစ်တောကဏ္ဍတွင် ယခင်က သစ်တောစိုက်ဧက ၃၈၈၈၅ သာရှိခဲ့ရာမှ ယခုအခါ ၅၄၆၅၈ ဧကအထိ တိုးတက်လာပါကြောင်း။

လျှပ်စစ်စွမ်းအားကဏ္ဍတွင် ရပ်စောက်မြို့နယ်၌ ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ပေးနိုင်သည့် ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂) အလတ်စား ရေအားလျှပ်စစ်စက်ရုံ၊ ပင်လောင်းမြို့နယ် တီကျစ်ဒေသ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ပေးနိုင်သည့် ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံတို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ၅၄ မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံစီမံကိန်း၊ မဂ္ဂါဝပ် ၇၃၁၀ ထုတ်ယူနိုင်မည့် တာဆန်းရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံစီမံကိန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍတိုးတက်မှုတွင် ကျောင်းနေရွယ်ကလေးများ ကျောင်းအပ်နှံမှုမှာ ရာခိုင်နှုန်း ၉၆ ဒသမ ၉၈ ထိ တိုးတက်လာခဲ့ပါကြောင်း၊ ပြည်နယ်အတွင်းတွင် အခြေခံကျောင်းပေါင်း ၂၇၁၃ကျောင်းရှိပြီး မာလ်တီမီဒီယာစာသင်ခန်း ၂၅၁ခန်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် နှစ်ခု၊ ပညာရေးကောလိပ် တစ်ခု၊ ယခင်က မရှိဖူးခဲ့သည့် E-Education Learning Centre ၁၇ခု၊ အီး-လိုက်ဘရီများ ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် သိပ္ပံနည်းပညာကဏ္ဍတွင် တောင်ကြီး၊ လွိုင်လင်၊ ပင်လုံဒေသတို့၌ အစိုးရကွန်ပျူတာကောလိပ် သုံးခု၊ နည်းပညာကောလိပ် နှစ်ခုတို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် စာတိုက်ကြေးနန်းစခန်း ၁၁၁ ခု၊ တယ်လီဖုန်းရုံး ၄၄ ခု၊ IP Star ဆက်သွယ်ရေး ၁၆ ခု၊ မိုက္ကရိုဝေ့ဗ်စခန်း ၄၅ ခု၊ ကျေးလက်တယ်လီဖုန်း အိတ်ချိန်း ၁၀ခုထိ ဖွင့်လှစ်အသုံးပြု လာနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ပြည်နယ်အတွင်း အထူးကုဆေးရုံ အပါအဝင် ခုတင် ၂၀၀၊ ခုတင် ၁၀၀၊ ခုတင် ၅၀၊ ၂၅ခုတင် ၂၆ခုတင်နှင့် ၁၆ခုတင်ဆံ့ ဆေးရုံပေါင်း ၅၀အထိ ရှိလာခဲ့ပြီး တိုက်နယ် ဆေးရုံပေါင်း ၃၀ နှင့် ကျေးလက်ကျန်းမာရေးဌာန ၅၉ ခုအထိ ရှိလာပြီဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မော်တော်ကားလမ်းအနေဖြင့် ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုကားလမ်း၊ ဟန်မြင့်မိုရ်-မြို့ကြီး-ရှောင်ကားလမ်း၊ ပင်လောင်း-ပျဉ်းမနား ကားလမ်းနှင့် သီပေါ-နမ့်လန်-ပန်ကေတု ကားလမ်းလေးခု တိုးတက်ခဲ့လာပါကြောင်း၊ ထို့အပြင် မိုင်းပန်မြို့နယ်၌ သံလွင်တံတား(တာဆန်း)၊ လဲချားမြို့နယ်၌ မတ်လန်းတံတား၊ လင်းခေးမြို့နယ်၌ လင်းခေးတံတား အပါအဝင် ပေ ၁၈၀ အထက် တံတားခုနစ်စင်းနှင့် ပေ ၁၈၀အောက် တံတား ၄၃၀ တို့ကို ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ မိုင်းကိုင်မြို့နယ်၌ ပေ ၃၆၀ရှိ ဆားတောတံတားနှင့် မောက်မယ်မြို့နယ်၌ ပေ ၂၃၀ရှိ ကျောင်းခုံတံတားကိုလည်း တည်ဆောက်နေဆဲ ဖြစ်ပါကြောင်း။

မီးရထားလမ်းကဏ္ဍတွင် ညောင်ရွှေ-ရပ်စောက် ရထားလမ်း၊ အောင်ပန်း-ပင်လောင်း-လွိုင်ကော်ရထားလမ်း၊ ရွှေညောင်-နမ့်စန် ရထားလမ်းသစ်များဖြင့် ရထားလမ်းမိုင်ပေါင်း ၂၈၁ မိုင်၊ သံလမ်းမိုင်ပေါင်း ၁၄၆ ဒသမ ၁၁ မိုင်ထိ တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ဟဲဟိုးလေဆိပ်ကိုလည်း ဂျက်လေယာဉ် ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းအဖြစ် အဆင့်မြင့် တိုးချဲ့ပြုပြင်ပေးနိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ပြည်နယ်အတွင်းရှိ အသင်းအဆင့်ဆင့်တို့သည် ကျေးလက်ဖွံ့ဖြိုးရေးတွင် ရေရရှိရေးအတွက် မြေအောက်ရေတူးဖော်မှု ငါးခု၊ ရေသွယ်ယူရေးလုပ်ငန်း ၁၁ခု၊ ကျေးလက်မီးလင်းရေးလုပ်ငန်း ၆၀၊ ပညာရေးလုပ်ငန်းပေါင်း ၅၄ခု၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ၁၂ခု၊ ဓာတ်မှန်ဆောင် တစ်ခုနှင့် ကျေးလက်လမ်း အရှည်မိုင် ၉၃ဒသမ၄ မိုင်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ တည်ဆောက်ရေးလုပ်ငန်းခွင်များတွင်လည်း ကျရာအခန်းကဏ္ဍက ပူးပေါင်းထမ်းဆောင်သွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်စိုင်းခမ်းကော်က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တောင်ပိုင်းဆက်သွယ် သီပေါ-နမ့်လန်-တုံလော-ပန်ကေတုလမ်း ဖွင့်ပေးနိုင်

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်စိုင်းခမ်းကော်က ဆွေးနွေးတင်ပြရာတွင် အမိမြန်မာနိုင်ငံ၏ အရှေ့မြောက်တံခါးဝဒေသ၊ တောင်တန်းပျော် ရှမ်း၊ ပလောင်၊ "ဝ"၊ ကချင်၊ ကိုးကန့်တို့ ပေါင်းစည်းနေထိုင်ကြသည့် ဌာနေ၊ ဒုဋ္ဌဝတီသံလွင်ရေကြည် လှည့်ခွေစီးဆင်းနေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ယခင်ကာလများနှင့်မတူ၊ တစ်မူထူးခြား ဖွံ့ဖြိုးတိုးတက်လာပုံများကို တင်ပြလိုကြောင်း၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ကွမ်းလုံ၊ လောက်ကိုင် ငါးခရိုင်ဖြင့် ဖွဲ့စည်းထားပြီး ၁၉မြို့နယ် ပါဝင်သည့် မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၂၃၆၅၅ မိုင် ကျယ်ဝန်းပြီး၊ ဝိသေသအားဖြင့် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ နေထိုင်သည့် ပြည်ထောင်စုငယ်လေး တစ်ခုဖြစ်ပါကြောင်း။

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တောင်ပိုင်းကို ဆက်သွယ်သည့် သီပေါ-နမ့်လန်-တုံလော-ပန်ကေတုလမ်းကို ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သကဲ့သို့ မိုင်းရယ်-နမ့်လောင်းလမ်း၊ တန့်ယန်း-မိုင်းကောင်-မိုင်းရှူးလမ်းများကိုလည်း အထူးဖွံ့ဖြိုးရေး မဟာဗျူဟာလမ်းများအဖြစ် အဆင့်မြင့် ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် မိုးမိတ်-မန်တုံလမ်း၊ ကွမ်းလုံ-သဲသောင်ရှောင်ကွင်းလမ်း၊ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်လမ်း၊ဝက်ဝံ-တောင်ခမ်းလမ်းတို့ကို ဖောက်လုပ်ပေးလျက်ရှိသည့်အတွက် ယခင်က လမ်းမိုင် ၁၅၂၄မိုင်ရှိရာမှ ယခုအခါ လမ်းမိုင် ၂၀၉၁ ဒသမ ၄ မိုင် ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် သွားလာမှုလွယ်ကူသဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ မြင့်မားလာလျက်ရှိပါကြောင်း။

ယခုနိုင်ငံတော်အစိုးရလက်ထက်တွင် အလျားပေ ၆၀၀ ရှိသည့် သံလွင်မြစ်ကူး တာပါးတံတား ထပ်မံတည်ဆောက်၍ မကြာခင် ပြီးစီးတော့မှာ ဖြစ်ပါကြောင်း၊ ထို့ပြင်မက ရွှေလီမြစ်ကူးတံတား တစ်စင်းနှင့် ဒုဋ္ဌဝတီမြစ်ကူးတံတား တစ်စင်းတို့ကို အားသွန်ခွန်စိုက် တည်ဆောက်နေပါကြောင်း။

ယခင်က ကျန်းမာရေးကဏ္ဍတွင် အားနည်းခဲ့ပါကြောင်း၊ ယခု ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျေးရွာအုပ်စုတိုင်း ဆေးပေးခန်းများ၊ တိုက်နယ်ဆေးရုံများ၊ မြို့ကြီးများ၌လည်း၊ ဆေးရုံကြီးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုသုခကို အပြည့်အဝ ခံစားကြရပြီဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ယခင်ကာလက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အထက်တန်းကျောင်း ၂၃ကျောင်းသာရှိခဲ့ရာမှ အခုအချိန်တွင် အထက်တန်းကျောင်းပေါင်း ၄၀ တိုးမြင့်ရှိလာခဲ့သလို၊ ယခင်က လားရှိုးဒေသကောလိပ်တစ်ခုတည်းသာရှိခဲ့ရာမှ ယခုဆိုလျှင် လားရှိုးဒီဂရီကောလိပ်အပြင် အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာကောလိပ်စသဖြင့် တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာရေးခရီး ပိုပြီးချောမွေ့မြင့်မားခဲ့ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဆိုလျှင် ဆင်းရွှေလီစပ်မျိုးစပါးနှင့် တွဲဖက်ပြီး တစ်နိုင်ငံလုံးက အသိအမှတ်ပြုထားပြီးဖြစ်ပါကြောင်း၊ ဒေသဝမ်းစာဖူလုံရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး၊ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး ပြောင်းလဲစိုက်ပျိုးခဲ့ရာ ယခင်က စပါးတစ်ဧက တင်း ၆၀-၇၀ အနိုင်နိုင် ထွက်ရာမှ ဒီကနေ့ တစ်ဧကတင်း ၂၀၀ကျော် ထွက်ရှိနေပါပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၂-၂၀၀၃ခုနှစ်က ဆန်ဖူလုံမှု ၈၃ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဆန်ဖူလုံမှု ၁၀၃ ဒသမ ၀၉ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါကြောင်း၊ ထို့အပြင် စပ်မျိုးစပါး မျိုးစေ့ကိုလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းမှာပင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ မေတ္တာစေတနာအရင်းခံပြီး လမ်းညွှန်မှာကြားခဲ့သည်များလည်း ထင်ထင်ရှားရှား ရုပ်လုံးပေါ်လာခဲ့ပြီဖြစ်ပါကြောင်း။

လျှပ်စစ်စွမ်းအားဖြင့် လောကနိဗ္ဗာန်ကို တည်ဆောက်မည့်အပိုင်းတွင် မိမိတို့ရှမ်းပြည်နယ်(မြောက်ပိုင်း)က လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ထုတ်ယူရရှိနိုင်မည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကလည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ကျေးလက်ဒေသနေ ပြည်သူများ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဖြစ်သည့် ကျေးလက်စာသင်ကျောင်းပေါင်း ၄၉ကျောင်းကို ဥပဓိရုပ်ကောင်းမွန်အောင် ကူညီပြင်ဆင်ပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်မီးလင်းရေးအတွက် သိန်းနီမြို့နယ် မိုင်းလီစံပြကျေးရွာ၌ ကျပ် ၆၅ သိန်းတန် ရေအားလျှပ်စစ်စက်ရုံ တစ်ရုံကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ယင်းသို့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် မိမိတို့ ပြည်ခိုင်ဖြိုးအသင်းဝင်များသည် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်ကို အလေးအနက် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းလူငယ်တွေ့ဆုံပွဲ အခမ်းအနားတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြွေးကြော်သံများကို တညီတညွတ်တည်း ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များသည် နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်

● **စာမျက်နှာ ၄ မှ**

ယင်းနောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မမြတ်လေးငုံက ဆွေးနွေးတင်ပြရာတွင် ဧရာဝတီတိုင်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် တပ်မတော်အစိုးရမတိုင်မီ စိုက်ပျိုးမြေဧက ၄၂သိန်းကျော်ရှိခဲ့ရာမှ ယခုအခါ ၄၄သိန်းကျော် ရှိခဲ့သည့်အတွက် စိုက်ပျိုးမြေဧက နှစ်သိန်းနီးပါး တိုးချဲ့ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ယခုအခါ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဆည်တာတမံ၊ ရေနုတ်မြောင်း ၈၂ခု၊ မြစ်ရေတင်စီမံကိန်း ၃၅ခု တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ မိုးစပါးဧက ၃၅သိန်းကျော်နှင့် နွေစပါးဧက ၁၄သိန်းကျော်ကို တစ်ဧကအထွက်နှုန်းတိုးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ပဲမျိုးစုံ၊ ဝါ၊ ကြံ၊ ဂုန်လျှော်၊ အစေ့ထုတ်ပြောင်း၊ ရော်ဘာ၊ ငရုတ်ကောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းများကိုလည်း စိုက်ဧက ၁၅ သိန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

မွေးမြူရေးကဏ္ဍ

မွေးမြူရေးကဏ္ဍတွင်လည်း ငါးမွေးမြူရေးကန်ဧက ရှစ်သောင်းသုံးထောင်ကျော်၊ ပုစွန်မွေးမြူရေးကန်ဧက လေးသောင်းကျော် တိုးချဲ့မွေးမြူနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်နိုင်မှုအနေဖြင့် ကောင်ရေ ၄၈ သိန်းကျော် ထည့်သွင်းပေးနိုင်ခဲ့ပါကြောင်း။

သစ်တောများ ပြုစုပျိုးထောင်ရာတွင် ဒီရေတောသုံးသောင်းကိုးထောင်ကျော်၊ ကျွန်းအထူးစိုက်ဧကတစ်သောင်းလေးထောင်ကျော်၊ စီးပွားရေးစိုက်ခင်းဧကသုံးသောင်းနှစ်ထောင်ကျော်အထိ တိုးချဲ့နိုင်ခဲ့ပါကြောင်း၊ သစ်ဆိမ့်ပင်စိုက်ခင်း ဧက ၂၂၅၀ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်း ၁၇ ဒသမ ၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ခြောက်ခု ရှိလာခဲ့ပြီး ပညာရေးကောလိပ်နှစ်ခု ထပ်မံတိုးချဲ့နိုင်ခဲ့ပါကြောင်း၊ အခြေခံပညာကဏ္ဍအနေဖြင့် အခြေခံပညာကျောင်း ၆၃၂၄ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် စာတိုက်စခန်း ၁၄၂ခု၊ ကြေးနန်းရုံး ၄၂ရုံး၊ ဖက်စ်စီမီလီ ၆၆ခု၊ တယ်လီဖုန်းရုံး ၉၂ရုံး၊ လိုင်းအင်အား ၂၀၁၈၄ လိုင်းအထိ တိုးတက်ခဲ့ပါကြောင်း၊ ခေတ်မီဆက်သွယ်ရေးစခန်းများကိုလည်း တိုးချဲ့နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး

ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က ပေ ၁၈၀ အထက် တံတား ၁၁ စင်း ရှိခဲ့ရာမှ ယခု ၆၀ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ၄၉စင်း တိုးတက်ခဲ့ပါကြောင်း၊ ထို့အပြင် ရထားလမ်းမိုင် ၁၄၀ ကျော်၊ ကားလမ်းမိုင် ၁၃၀၀ကျော်နှင့် လေယာဉ်ပြေးလမ်း ပေ ၅၀၀၀အထက် လေယာဉ်ကွင်းတစ်ခု တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း။

သိပ္ပံနှင့်နည်းပညာကဏ္ဍ

သိပ္ပံနှင့်နည်းပညာကဏ္ဍအနေဖြင့် အစိုးရနည်းပညာကောလိပ် သုံးခု၊ အစိုးရကွန်ပျူတာကောလိပ် သုံးခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းအတွင်း ကျန်းမာရေးမြှင့်တင်မှုအနေဖြင့် ဆေးရုံ ယခင် ၆၅ရုံ ရှိခဲ့ရာမှ ယခု ၇၅ရုံ၊ ကျန်းမာရေးဌာန ၂၄၇ခု၊ ကျန်းမာရေးဝန်ထမ်း ၃၁၈၄ဦး၊ တိုင်းရင်းဆေးခန်း ၃၂ ခန်းနှင့် ကျန်းမာရေးသင်တန်းကျောင်း သုံးကျောင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ မမြတ်လေးငုံက ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုကဏ္ဍ

ဧရာဝတီတိုင်းအတွင်း စက်မှုဇုန်သုံးခု ထူထောင်ပေးနိုင်ခဲ့ပြီး ပုဂ္ဂလိကစက်ရုံ ၆၂၅၇ ရုံ၊ အိမ်တွင်းစက်မှုလက်မှု ၄၅၃ခု၊ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံ ၆၄ ရုံ တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ တစ်နေ့တန် ၁၀၀ကျ ပျော့ဖတ်စက်ရုံကြီးကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့်လည်း ကျေးလက် ဒေသလုပ်ငန်းစဉ်များဖြစ်သည့် ကျောင်းသစ် ၂၁၇ ကျောင်း၊ ပြုပြင် ၁၂၅၉ ကျောင်း၊ ဆေးခန်း သစ် ၆၂ ခန်း၊ ပြုပြင် ၁၂၉ခန်း၊ လမ်းသစ်နှင့် ပြုပြင်မိုင် ၅၀၇ မိုင်ကျော်၊ ရေရရှိရေးအနေဖြင့် အဝီစိတွင်း ၄၀၆ တွင်း၊ ရေကန် ၂၉၀ တို့ကို ကျေးလက်နေပြည်သူတို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည့်နည်းတူ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း မျိုးဆက်သစ်လူငယ်ထုအားမာန်ဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသွားသည်။

အတည်ပြု

ထို့နောက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဆုံးဖြတ်ချက်ကို ပြောကြားရာ၌ လူငယ်တွေ့ဆုံပွဲတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို တင်ပြသွားခဲ့ကြကြောင်း၊ မိမိတို့ ဆက်လက်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် ဆောင်ရွက်သွားကြရေး တာဝန်ရှိကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များသည် နိုင်ငံတော်တစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင်လည်းကောင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြမည်ဟု ဆုံးဖြတ်ကြောင်း ပြောကြားပြီး လူငယ်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကိုရယူရာ တညီတညွတ်တည်း သဘောတူညီကြသည့်အတွက် ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ကြေညာသည်။

အောင်မြင်စွာကျင်းပပြီးစီး

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက **ပြည်ထောင်စုမပြိုကွဲရေး- ဒို့အရေး၊ ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး၊ ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး-ဒို့အရေး၊ ဒို့အရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး- ဒို့အရေး၊ ဒို့အရေး** ဟူသော ကြွေးကြော်သံများကို တညီတညွတ်တည်း ကြွေးကြော်ကြပြီး နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် လူငယ်တွေ့ဆုံပွဲ အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပမည်

ရန်ကုန် မေ ၁၃

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ် ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်၊ မေ ၂၈ရက် (စနေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေအောင်မြင်တော်မူကြသော မူလအာဘိဓမ္မိကတစ်ပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃဘာဏက ငါးပါး၊ ဝိနယဓရ ၁၃ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ သုံးပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၂ပါး စုစုပေါင်း စာအောင်သံဃာ ၆၇ပါး အပါအဝင် ပင့်သံဃာ ၂၁၅ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော် လှူဒါန်းမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းလှ ဖုန်း-၆၆၀၇၆၆ထံတွင်လည်းကောင်း၊ ၂၀၀၅ခုနှစ် မေ ၂ရက်မှ မေ ၂၇ရက်အထိ မဟာပါသာဏလိုဏ်ဂူတော်တောင်ဘက် အလှူခံမဏ္ဍပ်တွင်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မယိုမအက် ကွဲမထွက် တက်ညီလက်ညီလှော် (၂)

ရတနာစည်ဆရာတော် (လွိုင်လင်)

(က)

“ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းက တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုပေါင်းနေထိုင်လာသည့် နိုင်ငံဖြစ်ကြောင်း။ သမိုင်းမတင်မီ ခေတ်ကတည်းက မြန်မာနိုင်ငံ၌ တိုင်းရင်းသားအားလုံးတို့သည် အတူတကွ လက်တွဲနေထိုင်ခဲ့ကြကြောင်း။

“ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြရင်းက တစ်နိုင်ငံလုံးရှိ နေရာဒေသတိုင်းတွင် တိုင်းရင်းသားအားလုံးသည် အတူတကွ ချစ်ခင်စည်းလုံးစွာ စုပေါင်းနေထိုင်လျက်ရှိကြကြောင်း။

“ဥပမာအားဖြင့် ရန်ကုန်တိုင်း၌ တိုင်းရင်းသားမျိုးနွယ်စု ၅၀ နီးပါး ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်လျက်ရှိကြသကဲ့သို့ ရှမ်းပြည်နယ်တွင်လည်း ရှမ်း၊ ‘ဝ’၊ ပအိုဝ်း၊ ပလောင်၊ လားဟူ၊ အခါ၊ ဗမာ စသည့် တိုင်းရင်းသားမျိုးနွယ် ၃၃ စုအထိ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိကြကြောင်း”

ဗိုလ်မှူးချုပ်ကျော်ဆန်း
ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန
သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၅)

(ခ)

မျိုးနွယ်စု အများအပြားတည်ရှိသော မြန်မာ့မြေ၌ ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကြီးမှစ၍ မင်းနှင့် ပြည်သူတို့သည် လူမျိုးခွဲခြားခြင်း၊ ကျား၊ မ ခွဲခြားခြင်းလုံးဝမရှိဘဲ မိမိ၊ မိမိဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံတော် ဟူသော ဖြစ်တည်မှုအလုံးစုံ၌ စည်းလုံးညီညွတ်စွာ ကျင့်ဆောင်ခဲ့ကြသဖြင့် ဝန်းကျင်နိုင်ငံများအလယ် တင့်တယ်ဝင့်ထည်ခဲ့ကြကုန်၏။

တတိယမြန်မာနိုင်ငံတော်ကြီးအထိ တစည်းတလုံးတည်းရှိခဲ့ရာမှ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ၌ တစ်နိုင်ငံလုံး ကျွန်ပြုခံခဲ့ရသည်တွင် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုစနစ်အောက် ပြားမှောက်လဲကျခဲ့ရကာ ညီရင်းအစ်ကိုအချင်းချင်း ရင်းနှီးချစ်ကြည်မှုများ ဆိတ်သုဉ်းလာခဲ့ရသည့် စီးကြောင်းထဲ အလဲလဲအပြိုပြို မျောပါခဲ့ရ၏။ သွေးစိမ်းလှိုင်းတို့၏ အပုတ်အခတ် တရစပ်ခံခဲ့ရ၏။ တောင်ပေါ်နှင့် မြေပြန့် အကန့်ကန့်ကာ တားဟန့်ကာ အုပ်ချုပ်ခဲ့သောကြောင့် လေစိမ်း၊ ရေစိမ်း၊ သံသယစိမ်းတို့ဖြင့် ပိန်းပိန်းပိတ် အမှောင်ခရီးအတွင်း စီးဆင်းမျောပါခဲ့ရ၏။ သံသယမျက်စိ၏ အပေါ်ယံတိမ်လွှာကို ခွဲကာစိတ်ကာ ကုသနိုင်ခဲ့သည့်တိုင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ မျက်မှန်စိမ်းတွေကြောင့် ယင်းမျက်မှန်စိမ်း၌ မိန်းမိန်းမောမော တပ်တပ်မက်မက် တွယ်ဖက်တပ်ဆင်ထားသူများ ရှိနေသေးသည်သာ ဖြစ်၏။

လူမျိုးစွဲဝါဒ၊ လူမျိုးခွဲဝါဒ၊ ဒေသစွဲဝါဒ၊ ဒေသခွဲဝါဒများ ကင်းပချုပ်ငြိမ်း၍ သွေးစိမ်းတွေ မရစ်သီ၊ သွေးနီနီချည်းပဲ အသည်းထဲ နှလုံးထဲ စွဲမြဲလွှမ်းဖုံးနေအောင် ယနေ့ တပ်မတော်အစိုးရက ပြည်ထောင်စုကြီးတစ်ခုလုံး ခြုံငုံကာ ဦးတည်ချက်မှန်ကန်စွာဖြင့် မျိုးနွယ်စုများ ရင်းနှီးချစ်ကြည်မှု ခိုင်မာရေး၊ တိုင်းရင်းသားအချင်းချင်း ဖွံ့ဖြိုးတိုးတက်မှုညီမျှရေး၊ ဒေသအချင်းချင်း ကွာဟမှုလျော့နည်းရေးတို့ကို အင်တိုက်အားတိုက် အားစိုက်ဖြည့်ဆည်းပေးနေသည့်တိုင်အောင် ကိုလိုနီနယ်ချဲ့လက်သစ်တို့နှင့် အပေါင်းပါတို့က အမြင်ကျဉ်းမြောင်းစွာ သွေးခွဲနေဆဲ၊ သပ်လျှိုနေဆဲရှိသေး၏။

၂၀၀၅ ခုနှစ် ဧပြီလ ၁၇ ရက်တွင် ညောင်ရွှေစော်ဘွား စပ်ရွှေသိုက်နှင့် စတုတ္ထဇနီး နန်းဟိန်းခမ်း(မဟာဒေဝီ)တို့၏ သားကြီး ပြည်ပြေးစဝ်ခမ်ဖက ရှမ်းပြည်နယ်ကို လွတ်လပ်သော နိုင်ငံအဖြစ် ခွဲထွက်တည်ထောင်ကြောင်းနှင့် ရှမ်းပြည် ယာယီအစိုးရဖွဲ့စည်းကြောင်း ကြေညာကာ သူ့ကိုယ်သူ ရှမ်းပြည်သမ္မတဖြစ်ကြောင်း ပြည်ပတစ်နေရာမှနေ၍ သတင်းထုတ်လွှင့်ခြင်းဖြင့် သူနှင့်သူ့အပေါင်းပါတစ်စုတို့သည်သာ သူတို့ဆရာကြီးများအလိုကျ ရေနောက်အောင် မွှေနှောက်သူများအဖြစ် သမိုင်းအမည်းစက် တင်သွားခဲ့လေပြီ။ အစမကောင်းပုံများကတော့ သူ့ကြေညာချက်ကို သူ့ညီအငယ် ဟန်ယောင်ဝေကိုယ်တိုင်က ဆန့်ကျင်ရှုတ်ချလိုက်ခြင်းဖြစ်၏။

ထိုခွဲထွက်သတင်း ပေါ်ထွက်ခဲ့ပြီးနောက် ဧပြီလ ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအား မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ မတရားအသင်းဖြစ်ကြောင်း ကြေညာ၏။

ထိုမှတစ်ပါး လူမှုရေးအသင်းကြီးများဖြစ်ကြသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စသော အသင်းအဖွဲ့များကလည်းကောင်း၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် စသော ပါတီအဖွဲ့အစည်းများကလည်းကောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်တပ်မတော် (SSA) အထူးဒေသ(၃)၊ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) စသော အဖွဲ့အစည်းများကလည်းကောင်း ထိုရက်ပိုင်းများအတွင်းမှာပင် တရားဝင်ကြေညာချက်များ ထုတ်ပြန်ကာ ပြည်ပြေးစဝ်ခမ်ဖနှင့် အဖွဲ့အား ပြစ်တင်ရှုတ်ချ ကန့်ကွက်ခဲ့ကြလေသည်။ ယင်းသည်ပင်လျှင် တကယ်အရေးကြီးက တကယ်သွေးနီးကြောင်း ထုတ်ဖော်လိုက်သည့် သန်း ၅၀ ကျော် ပြည်ထောင်စုမြန်မာနိုင်ငံသားတို့၏ သွေးစကားဖြစ်ပါသည်။

(ဂ)

အမှန်တော့ ရှမ်းပြည်နယ်သည် ပထမမြန်မာနိုင်ငံတော်ကြီးနှင့်အတူ ဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားပြီး အေးချမ်းသာယာသော နေချင့်စဖွယ် ဒေသတစ်ခု ဖြစ်ပါ၏။ ပုဂံနှင့်အတူ သာသနာတော် ပြန့်ပွားရာ မြေမြတ်ဖြစ်ခဲ့၍ ဗုဒ္ဓအမွေအနှစ် ကျောင်းကန်စေတီ ပုထိုးများနေရာ အနှံ့အပြား မြင့်မားစွာ ဖြစ်ထွန်းခဲ့ပါ၏။ ဒေသခံများ၏ ပကတိစိတ်ဓာတ်သည် ဖြောင့်မတ်ဖြူစင်ကြသလို ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါပွားလျက် လှူချင်၊ တန်းချင်၊ ပေးချင်၊ ကမ်းချင်၊ ကျွေးမွေးချင်သော ဒါနဓလေ့ ခိုင်မာသည့် ဒေသတစ်ခု ဖြစ်ခဲ့ပါ၏။

အိမ်တိုင်း၌ လက်ဖက်ခြောက်ကောင်းကောင်းခတ်ထားသည့်လက်ဖက်ရည်ကြမ်းဝိုင်း အသင့်ရှိ၏။ လာလာသမျှ ဧည့်သည်အပေါင်းကို နွေးထွေးစွာ ကြိုဆို၍ အိမ်တွင်းဖြစ်၊ ဒေသဖြစ် မုန့်ပဲသရေစာ သီးနှံတို့နှင့် ဧည့်ခံလေ့ရှိသော ဧည့်ဝတ်ကျေဒေသ ဖြစ်ပါ၏။ ဒေသတွင်းရှိ အခြားမျိုးနွယ်စုများနှင့် သင့်တင့်မျှတစွာ မေတ္တာရှေးရှု မေတ္တာမှု နည်းကျသော နယ်မြေဖြစ်ပါ၏။

ဒေသကို ချစ်မြတ်နိုးခြင်းနှင့်အတူ နိုင်ငံတော်ကိုပါ မြတ်နိုးတတ်သောကြောင့် အရေးကြီးလျှင် သွေးနီးကာ နိုင်ငံတော်အတွက် အသက်စွန့်ဝံ့သော သတ္တိရှင်များလည်း ဖြစ်ခဲ့ကြပါကုန်၏။ မြန်မာ-ဗြိတိသျှ ပထမစစ်ပွဲတွင် ရှမ်းပြည်နယ်မှ အာဇာနည်များစွာ အသက်စွန့်ကြိုးပမ်း အမှုတော်ထမ်းခဲ့သည့် သမိုင်းသည် ထင်းထင်းထင် ရှိခဲ့ပြီးဖြစ်ပါ၏။ ထိုစစ်ပွဲ၌ ရှမ်းပြည်နယ်မှ ရှမ်းစစ်သည် သုံးသောင်းခန့်ပါဝင်ကာ နိုင်ငံတော်ကို ကာကွယ်ခဲ့ကြ၏။ ဝက်ထီးကန်တိုက်ပွဲသည် ရှမ်းပြည်နယ်သားတို့၏ တကယ့်ပြည်ထောင်စု စစ်စစ်စိတ်ဓာတ်ကို ထင်ဟပ်သော အောင်ပွဲဖြစ်၏။ မောက်မယ်စော်ဘွား ခတ္တိညာ၊ မိုင်းပန်မြို့စား မဟာနေမျိုး၊ သီပေါစော်ဘွား စောခမ်းပက်၊ လဲချားမြို့သူ ရှမ်းအမျိုးသမီး မြင်းစီးဗိုလ်မ သုံးဦးတို့သည် နိုင်ငံတော်ကာကွယ်ရေး၌ သမိုင်းတင် အာဇာနည်များဖြစ်ခဲ့၏။

သည်သို့သော မြတ်နိုးဖွယ် ဗီဇကောင်းတို့ကို ကိုလိုနီနယ်ချဲ့တို့က တစ်စစီတစ်စစီ ကြေမွအောင် ချေမွပစ်ခဲ့ပါ၏။ သူတို့လက်ထက်တွင် ကမ္ဘောဇတိုင်းခေါ် ရှမ်းပြည်နယ်၌ ဒေသခံမျိုးနွယ်စုပေါင်း ၃၀ ခန့်ရှိခဲ့ရာ တစ်မျိုးနွယ်နှင့် တစ်မျိုးနွယ် စိမ်းကားသွားအောင် ခွဲခြားစိတ်မွှာပစ်ခဲ့၏။ မေတ္တာတရားပျက်ပြား၍ သံသယများကိန်းကာ ပိန်းပိန်းပိတ်မှောင်နေအောင် ကိုလိုနီနယ်ချဲ့ခေတ် နှစ်တစ်ရာအတွင်း အပြင်းအထန် အာဏာမာန်ဖြင့်ဖြစ်စေ၊ ဖြားယောင်းချော့မြှူ အပျော့မှုဖြင့်ဖြစ်စေ ကိုလိုနီနယ်ချဲ့တို့က ရှမ်းပြည်နယ်အကြီးအကဲ စော်ဘွားများအပေါ် သွေးခွဲစီးကြောင်းသစ်တစ်ခု တီထွင်နည်းကို ပေးအပ်ခဲ့ကြပါလေ၏။

ကိုလိုနီခေတ်ဦး ၁၉၀၁ ခုနှစ်၌ ကမ္ဘောဇတိုင်းခေါ် ရှမ်းတောင်တန်းတစ်ခုလုံး၊ ရှမ်းပြည်နယ် တစ်နယ်လုံး သန်းခေါင်စာရင်းကောက်ယူခဲ့ရာတွင် ရှမ်းလူမျိုးအပြင် အခြားသော လူမျိုးများကိုပါ တွေ့ရှိရ၏။ ဒေသခံမျိုးနွယ်စုများစွာကို တွေ့ရှိရ၏။ အက္ခရာစဉ်အရဆိုလျှင် ကချင်၊ ကရင်၊ ကရင်နီ(ကယား)၊ ကော်(အခါ)၊ ကိုးကန့်၊ ချင်း၊ ဂုံရှမ်း၊ ဇယိမ်းကရင်၊ တောင်ရိုး၊ ဓနု၊ ပဒေါင်(ကယန်း)၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ မုဆိုး၊ မွန်၊ ယင်းကြား၊ ယင်းနက်၊ ရှမ်း၊ လီရှော၊ လူးရှမ်း၊ လောရှမ်း၊ ‘ဝ’၊ အင်းသားဟူ၍ သန်းခေါင်စာရင်းတင်နိုင်ပြီး သန်းခေါင်စာရင်း မတင်နိုင်သော နယ်မှာ မိုင်းလွှန်းစော်ဘွားနယ်ဖြစ်ခဲ့၏။

မိုင်းလွှန်းဒေသကို သံလွင်မြစ်က မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေရာ အရှေ့မိုင်းလွှန်း၊ အနောက်မိုင်းလွှန်းဟု တည်ရှိခဲ့ပြီး စော်ဘွားထွန်းဆမ်က အရှေ့ဘက်၊ ညီစောမဟာက အနောက်ဘက် အုပ်ချုပ်လျက် ဗြိတိသျှသြဇာခံ မလုပ်ဘဲနေခဲ့သဖြင့် သန်းခေါင်စာရင်း၌ ကျန်ခဲ့ခြင်းဖြစ်၏။ ထိုနယ် လူဦးရေကို လေးသောင်းခန့်ဟု ထိုစဉ်က ခန့်မှန်းခဲ့ရာ ထိုခေတ်၊ ထိုကာလအရ နည်းနည်းနောနော အရေအတွက် မဟုတ်ချေ။ ညောင်ရွှေဒေသ၌ပင် ထိုစဉ်က လူဦးရေမှာ ကိုးသောင်းကျော်(၁၉၀၁ ခုနှစ် သန်းခေါင်စာရင်းအရ ၉၅၃၃၉ ဦး)မျှသာ ရှိခဲ့၏။

ယင်းသို့ ရှမ်းဒေသတစ်ခုလုံး၌ ရှမ်းလူမျိုး တစ်မျိုးတည်းသာမက လူမျိုးပေါင်း ၃၀ ခန့် ချစ်ကြည်ရင်းနှီးစွာ တည်ရှိနေသည့် ထိုကာလ ပကတိအခြေအနေ၊ ဘဘိုးရှမ်းစော်ဘွားကြီးများအနေဖြင့် တရားနှင့်အညီ အုပ်ချုပ်လျက်ရှိသည့် ထိုကာလ ပကတိအခြေ၊ ထိုသို့ ပကတိအခြေအနေများအတိုင်းဆိုပါက ကိုလိုနီနယ်ချဲ့တို့အဖို့ သူတို့၏ သြဇာအာဏာ သက်ရောက်မှုနည်းပါးမည့်အရေး မြော်တွေးမိကြကာ သူတို့၏ အုပ်ချုပ်မှုအာဏာစက် ထိရောက်ရန်အတွက် အကောင်းပကတိကို ဖျက်ဆီးကာ အဆိုးဝိကတိဖြင့် အစားထိုးပါလေတော့၏။ အခြားမဟုတ်ပါ။ ကုပ်သွေးစုပ်တတ်အောင်နှင့် သွေးခွဲအုပ်တတ်အောင် နည်းမျိုးစုံဖြင့် သင်ကြားပေးခြင်းဖြစ်ပါလေ၏။

ကိုလိုနီနယ်ချဲ့တို့က စော်ဘွားများကို မြှောက်ထိုးပင့်ကော်ရင်း မိန်းမောခြင်း၌ ပျော်ဝင်နေစေရန် ဘိလပ်ဖြစ် အသစ်အဆန်းပစ္စည်း အသုံးအဆောင်ပေါင်းများစွာ လက်ဆောင်ပဏ္ဏာပေးခြင်း၊ ဘိလပ်ကိုသာ အထင်တကြီး ဆည်းကပ်ကိုးကွယ်တတ်လာအောင် နည်းမျိုးစုံ ခြောက်လှန့် ချော့မြှူသိမ်းသွင်းခြင်း၊ မြေပြန့်ရှိ ဗမာလူမျိုးများနှင့် အခြားမျိုးနွယ်စုများအပေါ် မယုံသင်္ကာစိတ်များ အမြဲပွားနေအောင် သွေးခွဲနည်းသင်ကြားပေးခြင်း၊ စော်ဘွားများ၏ သားသမီးများကို ဘိလပ်သို့ပို့၍ ပညာသင်ကြားစေခြင်း၊ အဆက်အနွယ်များထဲမှ အသုံးချဖို့ အသုံးကျသူအချို့ကို ဘိလပ်သို့ ပို့ပေးခြင်း စသည်တို့ဖြင့် ကိုလိုနီနယ်ချဲ့တို့သည် တောင်တန်းဒေသ ကမ္ဘောဇတိုင်းကို လက်ဝါးကြီးအုပ်လိုက်နိုင်ပါတော့၏။

“နယ်ချဲ့လက်ခုပ်ထဲကရေ” ဖြစ်သွားသော စော်ဘွားများ၏ ဘောင်ဘင်ခတ်မှုရလဒ်များမှာ အရက်သေစာ၊ ဘိန်းဘင်းကဇော်၊ ဖဲဝိုင်း၊ အန်စာဝိုင်းများနေရာအနှံ့ ပေါ်ပေါက်လာခဲ့သဖြင့် ရိုးသားသူ ဒေသခံများ၏ အိတ်ကပ်ပြားချပ်လာခဲ့ခြင်း၊ ဆင်ဝယ်ရန်၊ ဟော်နန်းတည်ရန် အခွန်အတုတ်အရပ်ရပ်ကို တရစပ်ကောက်ခံမှုကြောင့် ဒေသခံပြည်သူများ မွဲပြာကျလာခဲ့ခြင်း၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး ခွဲခြားအုပ်ချုပ်မှုကြောင့် ဒေသခံ အခြားမျိုးနွယ်စုများ၏ စိတ်ထဲ အကျိတ်အခဲခံစားချက်များ ဖြစ်ပွားလာခဲ့ရခြင်း စသည်စသည် ဖြစ်ပါကုန်တော့၏။

ထိုမှ လွတ်လပ်ရေးရ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် အားသစ်မာန်ထား ကြိုးစားခဲ့ကြသည့်တိုင်အောင် နယ်ချဲ့တို့ခေါက်ခဲ့သော ခေါက်ရိုးသည် ကျိုးနေခဲ့ပြီဖြစ်ရာ ခေါက်ရိုးပြေ၍ စန့်စန့်ရန့်ရန့်ဖြစ်ရေး အားမမွေးနိုင်ကြတော့ဘဲ အမျိုးစွဲ၊ အမျိုးခွဲ၊ ဒေသစွဲ၊ ဒေသခွဲ၊ ပါတီစွဲ၊ ပါတီခွဲ၊ ဂိုဏ်းဂဏစွဲ၊ ဂိုဏ်းဂဏခွဲ၊ ဝါဒစွဲ၊ ဝါဒခွဲဟူသော ခေါက်ရိုးအတိုင်းတိုင်းသာ နှစ် ၄၀ ကာလ မှုန်ပျဝေဝါးစွာ ဖြတ်သန်းလာခဲ့ရပါသည်။

(ဃ)

“၁၉၈၈ ခုနှစ်တစ်ဝိုက် နိုင်ငံတော်၏ စီးပွားရေးချွတ်ခြုံကျပြီး နိုင်ငံရေးပြိုကွဲကာ တိုင်းပြည်ပြိုကွဲ ပျက်စီးတော့မည့်အခြေအနေ ရောက်ရှိခဲ့သည့်အတွက် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲသာ မရှောင်သာ ယူခဲ့ရပါကြောင်း။

“ယင်းအချိန်ကစပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ရည်မှန်းချက်ကို ဦးစားပေး အကောင်အထည်ဖော်ခဲ့ကြောင်း။

“တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် တိုင်းရင်းသားလူမျိုးများနှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းကာ စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

“ယနေ့အထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၆၅၀၀၀ ကျော် အကုန်အကျခံ သုံးစွဲဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

“ထို့အပြင် နိုင်ငံတော်တစ်ဝန်းလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို ကွန်ရက်ပမာ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းအထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုအနက် ရှမ်းပြည်နယ်အတွက် ပင်လုံဒေသ၊ တောင်ကြီးဒေသ၊ ကျိုင်းတုံဒေသနှင့် လားရှိုးဒေသ အထူးဖွံ့ဖြိုးရေးဇုန် လေးဇုန် ပါဝင်ခဲ့ကြောင်း။

“ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှု အကြားအလပ်မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီးတော့လည်း တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပေးခဲ့ကြောင်း။

“ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်တစ်လွှား ဆည်မြောင်း တာတမံများ၊ လမ်းတံတားများ၊ တက္ကသိုလ်ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမှာဖြစ်ကြောင်း။ ဤဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့် အကျိုးစီးပွားများကိုလည်း တိုင်းရင်းသားအားလုံး ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

“ဤသည်မှာ မည်သည့်ခေတ် မည်သည့်ကာလကမျှ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သည်များကို တပ်မတော်အစိုးရက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သကဲ့သို့ တောင်ပေါ် မြေပြန့် မခွဲခြားဘဲ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟမှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်အစိုးရ၏ စေတနာပင်ဖြစ်ကြောင်း”

ဗိုလ်မှူးချုပ်ကျော်ဆန်း
ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန

(င)

ယနေ့ တပ်မတော်အစိုးရ၏ စေတနာကြောင့် ကောင်းကျိုးချမ်းသာ လက်ငင်းခံစားနေရသူ တိုင်းရင်းသားအားလုံး၊ မျိုးနွယ်စုအားလုံးတို့တွင် ပင်လုံဒေသ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်သားများအတွက် ဖွံ့ဖြိုးတိုးတက်ခြင်း အလင်းသာလာသည့် ဖြစ်ထွန်းမှုအနှစ်ချုပ်မှာ ဤသို့ဖြစ်ပါသည်။

(၁) ခုတင်-၂၀၀ အထွေထွေရောဂါကုဆေးရုံကြီး

ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်းနှင့်အတူ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ဒေသအပေါ် အထူးစေတနာထားလျက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသောကြောင့် ယေဘုယျအားဖြင့် ကိုယ့်ဒေသအတွင်း၌ပင် ရောဂါဟူသမျှ ကုသပျောက်ကင်းနေကြပြီ။

(၂) ပင်လုံတက္ကသိုလ်

ကျောင်းအုပ်ကြီး ပါမောက္ခချုပ် ဦးသာဦးနှင့်အတူ ကထိကများ၊ လ/ထကထိကများ၊ နည်းပြများက အထူးစေတနာထားကာ သင်ကြားပို့ချပေးနေခြင်းကြောင့် ရှမ်း(တောင်) တိုင်းရင်းသားအားလုံး တက္ကသိုလ်မတက်ဖူးသူ မရှိ ဖြစ်လာလိမ့်လတ္တံ့။

(၃) ကွန်ပျူတာကောလိပ်

ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဥမ္မာကျင်နှင့်အတူ တာဝန်ခံဆရာ၊ ဆရာမတို့၏ အထူးစေတနာထား သင်ကြားပေးမှုကြောင့် ရှမ်း(တောင်) တိုင်းရင်းသားလူငယ်ကျောင်းသား၊ ကျောင်းသူများအဖို့ အိုင်တီခေတ်ထဲ ခြေရဲရဲချဝံ့ကြပြီ။

(၄) နည်းပညာကောလိပ်

ကျောင်းအုပ်ဆရာကြီး ဒေါက်တာဇာနည်အောင်နှင့်အတူ တာဝန်ခံဆရာ၊ ဆရာမတို့၏ ပညာဒါနကြောင့် ရှမ်း(တောင်) တိုင်းရင်းသားလူငယ်များအတွက် စက်မှုလက်မှုအတတ်ပညာ အညွန့်ဝေဖြာနေလေပြီ။

(၅) ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း

ခရိုင်အင်ဂျင်နီယာ ဒေါ်ရွှေစင်နှင့်အတူ ဆိုင်ရာတာဝန်ခံတို့၏ တာဝန်သိသိ ဝန်ဆောင်နေသောကြောင့် ကိုယ့်အိမ်ထဲမှာနေလျက် ရန်ကုန်သို့ ဖုန်းဆက်မလား၊ မြစ်ကြီးနားသို့ ဖုန်းဆက်မလား၊ လိုအပ်လျှင် နိုင်ငံရပ်ခြားဆက်မလား။

(၆) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း

ကျောင်းအုပ်ကြီး ဦးမိုးကျော်ထင်နှင့် ဆရာ၊ ဆရာမတို့၏ စေတနာကြောင့် နယ်စပ်ဒေသသား တိုင်းရင်းသားမျိုးနွယ်ဖြစ်၍ မိမိတိုင်းရင်းသားဘာသာစကားကို ပြောဆိုတတ်သည့် မိဘမဲ့၊ မိမဲ့၊ ဘမဲ့၊ ဆင်းရဲနွမ်းပါးသူ ကလေးများအား ဦးစားပေးလက်ခံကာ အထက်တန်းပညာအထိသာမက ထူးချွန်လျှင်ရန်ကုန်နှင့် မန္တလေးတို့တွင် ဖွင့်လှစ်ထားသည့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ၏ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်အထိ တက်ရောက်ခွင့် လမ်းပွင့်နေလေပြီ။

ယင်းတို့အပြင် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၊ လင်းခေး မြစ်ရေတင်စီမံကိန်းများ မကြာမီ အောင်မြင်လာသောအခါ ဒေသခံတိုင်းရင်းသားအားလုံးတို့အတွက် စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာပေတော့မည်။

ယင်းသို့သော အနေအထားကောင်းသို့ ဆိုက်ရောက်လာကာ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်လာနေချိန်တွင် ရှမ်းပြည်နယ်ကို ခွဲထွက်ပြီး သီးခြားနိုင်ငံ ထူထောင်ကြောင်း ကြားသိရသူ တိုင်းရင်းသားအားလုံးတို့က ထိုအပေါ် ဆန့်ကျင်ရှုတ်ချ ကန့်ကွက်နေကြသည်မှာ ရှမ်း(တောင်) တစ်ခွင်လုံး အုန်းအုန်းဟည်းနေပါ၏။

ထို့ကြောင့် ရှမ်းပြည်နယ်ရှိ မျိုးနွယ်စု ၃၃ စုသာမက တိုင်းရင်းသားလူမျိုး တစ်ရာကျော်အပါအဝင် သန်း ၅၀ ကျော် ပြည်သူအားလုံးတို့ကပါ လက်ရှိ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ဖြိုခွဲလာခြင်းဟူသမျှ ထာဝရ ဆန့်ကျင်နေကြမည်ဖြစ်သည့်အပြင် ပြည်နယ်၊ တိုင်း ၁၄ ခုတို့ဖြင့် ဖွဲ့စည်းတည်ရှိပြီးဖြစ်သော ပြည်ထောင်စုလှေကြီးကို **မယိုမအက် ကွဲမထွက် တက်ညီလက်ညီလှော်**ခတ်နေကြမည်သာ ဖြစ်ပါသတည်း။ ။

✱ ကျောဖုံးမှ

မိမိတို့ ဦးစီးကော်မတီအနေဖြင့် ကျောက်မျက်ရတနာများ တူးဖော်ခြင်း၊ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းကိစ္စများနှင့် ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ စနစ်တကျရှိစေရန် ကွပ်ကဲကြပ်မတ်စီမံဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ကျောက်မျက်ရတနာလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် လမ်းညွှန်မှုများပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ကျောက်မျက်ရတနာများ အပါအဝင် သဘာဝသယံဇာတပစ္စည်းများ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ ၎င်းသဘာဝသယံဇာတများကို စနစ်တကျ ထုတ်ယူသုံးစွဲမှသာလျှင် ရေရှည်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ကျောက်မျက်ရတနာ ပင်မဈေးကွက်သည် မြန်မာနိုင်ငံပင်ဖြစ်သင့် ကျောက်မျက်များကို ကုန်ချောလုပ်ပြီး ရောင်းချခြင်းဖြင့် ဈေးပိုရနိုင်

ပျက်စီးဆုံးရှုံးနိုင်

ကျောက်မျက်ရတနာများကို စနစ်တကျ ထုတ်ယူသုံးစွဲမှု မရှိပါက သားစဉ်မြေးဆက်တိုင် အကျိုးခံစားခွင့်များ ဆုံးရှုံးသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်များဖြစ်သည့် သစ်တောများ ပျက်စီးဆုံးရှုံးခြင်း၊ မြစ်ချောင်းများ တိမ်ကောပျက်စီးခြင်းတို့ကြောင့် ကျောက်မျက်ရတနာတန်ဖိုးထက် ပို၍ကြီးမားသည့် တန်ဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးသွားနိုင်ပါကြောင်း။

ထို့ကြောင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းမှုမရှိအောင် စနစ်တကျ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန် အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အတွက် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ စွမ်းအင်ကဏ္ဍများမှ နိုင်ငံခြားငွေရှာဖွေပေးလျက်ရှိရာ ကျောက်မျက်ရတနာအပါအဝင် သတ္တုကဏ္ဍအနေဖြင့် လျာထားချက်ဝင်ငွေ ပြည့်မီအောင် ကြိုးစားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

အရောင်းသွက်

ကျောက်မျက်ရတနာများတွင် ကျောက်စိမ်းသည် အရောင်းသွက်သည့်ရတနာဖြစ်ပြီး နိုင်ငံခြားငွေ အများဆုံး ရသည့်အတွက် အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းများ ပိုမိုတိုးတက်ထုတ်လုပ်ရရှိနိုင်ရေးအတွက် ကျောက်စိမ်းလုပ်ကွက်ဟောင်းများနှင့် ဖော်ထုတ်လုပ်ကွက်အသစ်များကို ဟန်ချက်ညီညီ စနစ်တကျထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ထို့ပြင် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စသည့် ကျောက်မျက်ရတနာပင်ရင်းသည် မြန်မာနိုင်ငံဖြစ်သည့်အတွက် ကျောက်မျက်ရတနာ ပင်မဈေးကွက်သည်လည်း မြန်မာနိုင်ငံပင် ဖြစ်သင့်ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့ ကျောက်မျက်ရတနာ ပင်ရင်းဈေးကွက်ကို ကမ္ဘာ့နိုင်ငံအများ အပြားမှသိရှိပြီး ဈေးကွက်ကြီးမား ကျယ်ပြန့်လာအောင် လုပ်ဆောင်ရန်လိုကြောင်း၊ ကျောက်မျက်ရတနာများ လုပ်ငန်းများ ဥပဒေနှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် လိုကြောင်း။

တီထွင်ထုတ်လုပ်

နည်းပညာတိုးတက်ထွန်းကားနေသည့် အချိန်ကာလတွင် ကျောက်မျက်ရတနာများကို ကုန်ကြမ်းရောင်းတာထက် ကုန်ချောလုပ်ပြီး ရောင်းချခြင်းဖြင့် ဈေးပိုရနိုင်ကြောင်း၊ ထို့ကြောင့် လက်ဝတ်ရတနာအဖြစ်သာမက စွဲမက်ဖွယ်ရာ အလှအပပစ္စည်းများ၊ ရုပ်တုများ၊ ပန်းချီကားများ၊ အသုံးအဆောင်ပစ္စည်းများ တိုးတက်တီထွင် ထုတ်လုပ်ရောင်းချရန်အတွက်လည်း အားပေးသင့်ကြောင်း။

ထို့အပြင် လက်ရှိ ကျောက်မျက်ရတနာများဖြစ်သည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ရွှေတို့သာမက တန်ဖိုးကြီးမားသည့် စိန်နှင့်ပလက်တီနမ်တို့သည် မိမိတို့နိုင်ငံမှာရှိနေသည်မှာ သေချာသည့်အတွက် တိုးချဲ့ပြီး ရှာဖွေရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာ့ကျောက်မျက်များ ရောင်းချနိုင်မှုအခြေအနေ၊ ကျောက်မျက်ရတနာလုပ်ငန်းများမှ နိုင်ငံတော်အတွက် ဝင်ငွေရရှိမှုအခြေအနေနှင့် ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ကွက်များမှ ဝင်ငွေရရှိမှုအခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်မျက်ရတနာ ကြီးကြပ်ရေး ဗဟိုကော်မတီ၏ အရေးယူဆောင်ရွက်မှုအခြေအနေ၊ ကျောက်မျက်ရတနာနယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၏ အခြေအနေတို့နှင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များကို တူးဖော်ခွင့်ပြုနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့ကျောက်မျက်များ ရောင်းချနိုင်မှုအခြေအနေ၊ ကျောက်မျက်ရတနာလုပ်ငန်းများမှ နိုင်ငံတော်အတွက် ဝင်ငွေရရှိမှုအခြေအနေနှင့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များမှ ဝင်ငွေရရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဆေးရုံများသို့ငွေလှူ ဗုံးပေါက်ကွဲရာတွင် ဒဏ်ရာရရှိခဲ့ကြသည့် လူနာများအား တွေ့ဆုံအားပေး

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များသည် အုပ်စုလေးစုခွဲ၍ မသမာသူအဖျက်သမားများ၏ ရက်စက်ယုတ်မာမှုကြောင့် ဗုံးပေါက်ကွဲရာတွင် ဒဏ်ရာရရှိကြသော လူနာများအား ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ယင်းသို့ ပေးလှူရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးပစ္စည်းများအတွက် လှူဒါန်းငွေကျပ် သုံးသိန်း၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ အလှူငွေကျပ် တစ်သိန်း၊ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး (မြောက်ဥက္ကလာပ)သို့ အလှူငွေကျပ် နှစ်သိန်း၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေကျပ် နှစ်သိန်း၊ လူနာ ၈၆ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်း လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓမ္မာဂုဏ်မဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ ယူးချောင်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝီဇွာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၂)**
- ၁:၁၀ ၇။ ကျေးလက်ဖွံ့ဖြိုးရေး ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပေး
- ၁:၂၀ ၈။ **"ခံစားရင်း စံစားပါ" (ကျော်ရဲအောင်၊ပန်းဖြူ၊ကုသိုလ်) [ဒါရိုက်တာ-မြင့်မိုရ်ဆွေ]**
- ၁:၅၅ ၉။ တေးဂီတအစီအစဉ်
- ၂:၁၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၃၀ ၁၁။ လဠွမ်းပြင်ရေလှောင်တမံ
- ၂:၄၀ ၁၂။ အဆိုပြိုင်ပွဲ
- ၂:၄၅ ၁၃။ International News.
- ၃:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒ၊သတ္တဗေဒအထူးပြု) (ဓာတုဗေဒ)**
- ၅:၁၅ ၆။ နားဝင်ပီယံသူ့လက်သံ
- ၅:၂၅ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၄၀ ၈။ တေးဂီတအစီအစဉ်
- ၅:၅၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၆:၂၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Discovery
- ၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၂၁)**
- ၇:၃၅ ၁၅။ ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့
- ၇:၄၅ ၁၆။ ရှုဖွယ်စုံညီမြန်မာပြည်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၄၀)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မွန်ပြည်နယ်အတွင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက်မေ ၁၀ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်မြို့နယ်များ၌ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မူကြိုကျောင်းများ၊ မီးသတ်စခန်းများရှိ မီးသတ်ယာဉ်၊ စက်များကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၁ရက်တွင် မော်လမြိုင်မြို့နယ်ရှိ ဦးစီးဌာနသုံးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး၊ စိတ်ဓာတ်ကောင်းမွန်ရေးတို့ကို မှာကြားပြီး မီးသတ်စခန်းများ၊ ကလေးပြုစုရေးဌာန၊ လူငယ်သင်တန်းကျောင်း၊ မူကြိုကျောင်းများ၊ ကယ်ဆယ်ရေးဂိုဒေါင်များကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၂ရက် နံနက်ပိုင်းတွင် ကျိုက်ထီးရိုးစေတီတော် မီးဘေးလုံခြုံရေးအတွက် ဂေါပကအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားပြီး ရင်ပြင်တော်နှင့် ဈေးဆိုင်ခန်းများ၊ တည်းခိုဆောင် အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်(၇)၊ ၁၅၃လမ်း၊ တာမွေမြို့နယ်နေ ဦးကောသန်းထွန်း-ဒေါ်အေးအေးမြ မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀၀ ကို ဦးမောင်မောင်မြင့်နှင့် ဦးစိုးမြတ်အောင် (အတွင်းရေးမှူးများ)ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လယ်တီစံ တရားစခန်းပွဲ

ရန်ကုန် မေ ၁၃

ပုဇွန်တောင်မြို့နယ် မဟာဩောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် လစဉ် ၁၀ ရက် တရားစခန်းပွဲကို မေ ၂၁ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိရာ မဟာစည် ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း မဟာစည် လယ်တီစံဆရာတော်များက မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုသူ အလှူရှင်များသည် မေ ၂၀ ရက် ညနေ ၄ နာရီ အရောက် ကြွရောက်ရန်နှင့် ရိပ်သာဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါဏိဇ္ဇဘွဲ့ရများအသင်း ကြိုဆိုပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

ဝါဏိဇ္ဇဘွဲ့ရများအသင်းက ကြီးမှူးပြီး B.Com, B.Act, B.B.A ဘွဲ့ယူမည့်သူများအား ကြိုဆိုပွဲနှင့် ပါမောက္ခဆရာ ဦးဝီလျံပေါ် အထိမ်းအမှတ် ရွှေတံဆိပ်ဆု ပေးအပ်ပွဲကို မေ ၁၅ ရက် ညနေ ၆နာရီတွင် ဝါးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများ ဝါဏိဇ္ဇဘွဲ့ရများအသင်း ဖုန်း-၂၉၁၆၆၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် သီပေါမြို့၌ ကျင်းပ

ရန်ကုန် မေ ၁၃

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် သီပေါမြို့ ဒုဋ္ဌဝတီအားကစားကွင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီးသို့ သီပေါမြို့နယ်မှ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောက်မဲမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောက်မဲမြို့နယ် ပလောင်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နောင်ချိုမြို့နယ် ဓနုယဉ်ကျေးမှုအဖွဲ့ဝင်များ၊ သီပေါမြို့ပေါ်ရှိရပ်ကွက် ၁၁ ရပ်ကွက်နှင့် သီပေါမြို့နယ်ရှိ စံဖိတ်၊ မန်ဟဲ၊ တိန်းချော၊ တိန်းစံ၊ မိုးတော၊ ကျင်သီ၊ တုံစင့်၊ ဘော်ကြို၊ လောင်ခွန်၊ ရွာသစ်၊ ပန်စောက်မိန်း၊ ကုန်းသာ၊ နောင်အန်၊ မိုင်းလင်း၊နောင်ကော်ကြီး၊ နားမေခေါ်နှင့် နမ့်လန်ကျေးရွာအုပ်စုတို့မှ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ရှမ်း၊ ပလောင်၊ လီဆူးနှင့် ကချင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများအပါအဝင် စုစုပေါင်းအင်အား ၅၉၀၀ ကျော်တို့ တက်ရောက်ကြသည်။

ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင် ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် အခမ်းအနားမှူး အဖြစ် သီပေါမြို့မှ ရှမ်းတိုင်းရင်းသူဒေါ်နန်းခင်ညွန့်လှု၊ တွဲဖက် အခမ်းအနားမှူး အဖြစ် သီပေါမြို့မှ ရှမ်း တိုင်းရင်းသူ ဒေါ် နန်း ဖြူဖြူ ကျော်တို့ကဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီး၌ သဘာပတိအဖြစ် သီပေါမြို့ ပန်းထိမ်တောင်ရပ်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းလွန်းသာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ငြိမ်းချမ်းရေးရယူပြီးသော ရှမ်းပြည်တပ်မတော်(SSA) ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃) နာယက ဦးစိုင်းနောင့်နှင့် ငြိမ်းချမ်းရေးရယူပြီးသော ပလောင်ငြိမ်းချမ်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးကျော်ရင်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် သီပေါမြို့မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းခင်ညွန့်လှုက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် သီပေါမြို့မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဖြူဖြူကျော်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီးနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များနှင့် အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာသည်။

အဖွင့်မိန့်ခွန်းပြောကြား

ယင်းနောက် သဘာပတိသီပေါမြို့ ပန်းထိမ်တောင်ရပ်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းလွန်းသာက မြန်မာဘာသာနှင့် ရှမ်းဘာသာတို့ဖြင့် အဖွင့်မိန့်ခွန်း ပြောကြားသည်။

(သဘာပတိဦးစိုင်းလွန်းသာ၏ အဖွင့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ငြိမ်းချမ်းရေးရယူပြီးသော ရှမ်းပြည်တပ်မတော်(SSA) ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)ဗဟိုကော်မတီဝင်ဦးကောင်တိုင်းက **“ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါ တစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာ ခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို မြန်မာဘာသာနှင့် ရှမ်းဘာသာတို့ဖြင့် တင်သွင်းသည်။

(ဦးကောင်တိုင်း၏ အဆိုတင်သွင်းချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သီပေါမြို့နယ် တိန်းစံကျေးရွာအုပ်စုမှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းသိင်္ဂီက အဆိုရှင် ဦးကောင်တိုင်း တင်သွင်းသွားသော **“ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်ရင်းသားပြည်သူများက လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို မြန်မာနှင့် ရှမ်းနှစ်ဘာသာတို့ဖြင့် ထောက်ခံတင်ပြသည်။

(ဒေါ်နန်းသိင်္ဂီ၏ ထောက်ခံတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ သီပေါမြို့ ဇာတ်စုရပ်ကွက်မှ ပလောင်တိုင်းရင်းသား ဦးခွန်စိုးလွင်က အဆိုရှင် ဦးကောင်တိုင်း တင်သွင်းသွားသော **“ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို မြန်မာနှင့်ပလောင်နှစ်ဘာသာတို့ဖြင့် ထောက်ခံတင်ပြသည်။

(ဦးခွန်စိုးလွင်၏ ထောက်ခံတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သီပေါမြို့ ဈေးရပ်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းအုန်းကြွယ်က အဆိုရှင် ဦးကောင်တိုင်းတင်သွင်းသွားသော **“ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို မြန်မာနှင့် ရှမ်းနှစ်ဘာသာတို့ဖြင့် ဖြည့်စွက်ထောက်ခံသည်။

(ဦးစိုင်းအုန်းကြွယ်၏ ဖြည့်စွက်ထောက်ခံချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆန္ဒသဘောထားအတည်ပြု

ယင်းနောက် သဘာပတိက ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် တင်သွင်းသွားသော **“ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထု၏ ဆန္ဒသဘောထား ရယူပြီး ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက **ပြည်ပအားကိုး ပြည်ပြေး စဝ်ခမ်ဖအဖွဲ့၏ အကြံအစည်များ (ကျဆုံးပါစေ၊ ကျဆုံးပါစေ)၊ ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် (အောင်ရမည်၊ အောင်ရမည်၊ အောင်ရမည်)**ဟု တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈ နာရီ ၄၅ မိနစ်တွင် အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

တက်ရောက်

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါ တစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

☆ ပြည်ပအားကိုး ပြည်ပြေးစစ်ခမ်ဖအဖွဲ့၏ အကြံအစည်များ (ကျဆုံးပါစေ၊ ကျဆုံးပါစေ)

☆ ပြည်ထောင်စု မပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)

☆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်၊ အောင်ရမည်)



ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ကြွေးကြော်သံများဖြင့် ကြွေးကြော်ပြီး ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

အတွက်လွဲတော့ အရှုက်ကွဲ

❊ ကိုယ့်ကိုယ်ကို သိဒ္ဓိတင်
ကိုယ်ပင်လျှင် သမ္မတ
မျိုးနွယ်ကို စွယ်ရောင်ပြ
ရှိုးပြရင် ဟန်မလားလို့
တွေးကြံကာ ကြေညာပြ
ရူးတဲ့ခမ်ဖ။

❊ ခုတော့ဖြင့် ညာတာတွေ
ရှမ်းဌာနေတစ်ခွင်လုံး
အုန်းအုန်းကျွက် ဆူဆူညံ
ရှုတ်ချသံမစဲ
ဒီပွဲကိုအပိုင်ထင်
ဇာတ်စင်ကိုသေချာလုပ်
ဇာတ်ရုပ်ကိုသေချာရွေးကာမှ
ဇာတ်ဆရာအတွက်လွဲ
သောက်ရှက်တွေကွဲ။ ။

မိလကၡ

စစ်ခမ်ဖနှင့်အတူ ရှမ်းပြည်နယ်ခွဲထွက်ရေးကြေညာတဲ့ ပြည်ပြေးတွေဟာ စော်ဘွားအနွယ်တွေဖြစ် ရှမ်းပြည်နယ်တစ်ခွင် စော်ဘွားတွေ ဗိုလ်ကျမင်းမူခဲ့တဲ့ အတိတ်တစ္ဆေက ခြောက်လှန့်နေဆဲ ပြည်သူတွေကို နောက်တစ်ချီ ဖိနှိပ်သွေးစုပ်ဖို့ ပြည်ထောင်စုကြီးဖြိုခွဲဖို့ လုပ်လာတာကို လုံးဝလက်မခံ

ရန်ကုန် မေ ၁၃

ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၁ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) **ကျောက်မဲခရိုင် သီပေါမြို့နယ် သီပေါမြို့ ဒုဋ္ဌဝတီအားကစားကွင်း၌ကျင်းပရာ ငြိမ်းချမ်းရေးရယူပြီးသော ရှမ်းပြည်တပ်မတော်** (SSA) **ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃) ဗဟိုကော်မတီဝင် ဦးကောင်တိုင်းက ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို** အောက်ပါအတိုင်း တင်သွင်းသွားသည်−

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား

ကျွန်တော်ကတော့ ဦးကောင်တိုင်း ဖြစ်ပါတယ်။ ဒီကနေ့ သီပေါမြို့နယ် လူထုအစည်းအဝေးကြီးမှာ **"ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူတွေဟာ ကိုယ့်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံကြီး စည်ပင်ဝပြော သာယာနေတာကိုပဲ မြင်ချင်၊ တွေ့ချင်ကြပါတယ်။ နိုင်ငံတော်ကြီး စည်ပင်ဝပြော သာယာနေမှသာ ပြည်သူတွေဟာ ငြိမ်းချမ်းတဲ့အရသာ၊ လွတ်လပ်တဲ့အရသာ၊ လူနေမှုအဆင့်အတန်း မြင့်မားလာတဲ့ အရသာတွေကို ခံစား၊ စံစားနိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီလို လူမှုဘဝ အခွင့်အလမ်းတွေ ပွင့်လန်းဝေဆာအောင် အားထုတ်ကြိုးပမ်းနိုင်ဖို့ အတွက် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်သုံးရပ်ကို ပြည်ထောင်စုသားအားလုံးက ဦးထိပ်ထားပြီး အမြဲထာဝရ ဖော်ဆောင်နေကြတာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးရယူပြီးသော ရှမ်းပြည်တပ်မတော်(SSA) ရှမ်း ပြည် နယ် (မြောက်ပိုင်း) အထူးဒေသ(၃) ဗဟိုကော် မ တီ ဝင် ဦးကောင်တိုင်း က ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါ မြို့နယ်မှ တိုင်း ရင်း သား ပြည် သူ များ က လုံးဝလက်မခံ၊ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို တင်သွင်းစဉ်။ (သတင်းစဉ်)

သဘာပတိကြီးခင်ဗျား

ပြည်ထောင်စုကြီး တလုံးတစည်းတည်း ခိုင်မာအားကြီးပြီး ဘုန်းမီးနေလတောက်နေရင် ပြည်ထောင်စုသားတွေအတွက် မင်္ဂလာတစ်ပါးပါ။ ပြည်ထောင်စုပြိုကွဲသွားမယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲနေမယ်၊ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရမယ်ဆိုရင် သူ့ကျွန်အဖြစ် နှံ့နစ်ကြရဦးမှာ ဖြစ်ပါတယ်။ ပြည်သူလူထုလဲ ဆင်းရဲဒုက္ခ ကျရောက်ကြမယ်၊ နိုင်ငံမှာ သွေးချောင်းစီးမယ်၊ စစ်မီးမငြိမ်းနိုင်ဖြစ်မယ်။

ဒါကြောင့်မို့ ဒီလိုအဖြစ်ဆိုးမျိုး ထပ်မံမကြုံတွေ့ရအောင် ကျွန်တော်တို့ သွေးစည်းညီညွတ်စွာနဲ့ အမိပြည်ထောင်စုကြီးအပေါ် အန္တရာယ်မှန်သမျှ မကျရောက်ရအောင် ကာကွယ်စောင့်ရှောက်နေကြရတာပဲ ဖြစ်ပါတယ်။

ပြည်ပသစ္စာခံ

ပြည်သူလူထုက ပြည်ထောင်စုကြီး မပြိုကွဲအောင် မမိုတ်သောမျက်စိ၊ မလပ်သောသတိဖြင့် နိုးကြားတက်ကြွစွာ ခုလို ကာကွယ်စောင့်ရှောက်နေသလို တစ်ဖက်မှ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေကလည်း သူတို့ရဲ့ မျိုးရိုးဗီဇအရ ပြည်ပသစ္စာကို မကြာခဏခံယူပြီး ပြည်ထောင်စုပြိုကွဲအောင် ထိုးနှက်လာတာမျိုး ကြုံခဲ့ကြရဖူးပြီ ဖြစ်ပါတယ်။ အခုလတ်တလော ပြည်ထောင်စုကြီးပြိုကွဲအောင် လုပ်လာကြသူတွေကတော့ စော်ဘွားအနွယ် ပြည်ပြေးစစ်ခမ်ဖနဲ့ အပေါင်းပါတစ်စု ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၁၇ရက်နေ့မှာ ပြည်ပြေးစစ်ခမ်ဖတို့က ရှမ်းသမ္မတနိုင်ငံ တည်ထောင်လိုက်ကြောင်း၊ စစ်ခမ်ဖ သမ္မတအဖြစ်ဆောင်ရွက်မယ့် ရှမ်းပြည်အစိုးရဖွဲ့စည်းကြောင်း မဖြစ်ညစ်ကျယ်လေသံပစ်ပြီး ကြေညာလာခဲ့ပါတယ်။

ပြည်ပြေးစစ်ခမ်ဖနဲ့အဖွဲ့က သူတို့ကို ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်၄၈မြို့နယ်မှ ပြည်သူများက ထောက်ခံတယ်လို့လည်း အခြေအမြစ်မရှိ ကြေညာသွားကြပါတယ်။ အထောက်အထား ကင်းမဲ့စွာနဲ့ ငါ့စကားနွားရ လုပ်သွားတာပါ။ ဦးနှောက်ရှိသူတိုင်း၊ နှလုံးသားရှိသူတိုင်း၊ အမျိုးပေါင်း ၁၀၀ ကျော်တဲ့ တိုင်းရင်းသားတိုင်း လက်မခံနိုင်၊ မကြည်ဖြူနိုင်၊ မယုံကြည်နိုင်တဲ့ တစ်ဖက်သတ် ကြေညာချက်ပဲ ဖြစ်ပါတယ်။ ကိုယ့်အမိမြေပေါ်မှာ ကိုယ့်ပြည်သူတွေနဲ့အတူ အေးအတူပူအမျှ ရပ်တည်မနေနိုင်ဘဲ ပြည်ပကို ထွက်ပြေး၊ ပြည်ပနယ်ချဲ့အုပ်စုကို သစ္စာခံနေတဲ့ နယ်ချဲ့လက်ဝေခံတွေရဲ့ အကြံအစည်နဲ့လုပ်ရပ်ကို နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကြီးမားတဲ့ မြန်မာတိုင်းရင်းသားအားလုံးက အကြွင်းမဲ့လက်မခံတဲ့အပြင် တစ်ခဲနက် ဆန့်ကျင်ရှုတ်ချလျက်ရှိကြောင်း ဒီလူထုအစည်းအဝေးကြီးက တစ်တိုင်းပြည်လုံးကိုယ်စား သက်သေထင်ရှား ပြလိုက်တာပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား

ပြည်ထောင်စုကြီးထဲက ရှမ်းပြည်နယ်ကိုခွဲထွက်ဖို့ စော်ဘွားအနွယ်တွေ ကြံစည်နေတာ ခုမှမဟုတ်ပါဘူး။ ၁၉၅၀ပြည့်လွန် နှစ်များကတည်းက ခေတ်နောက်ပြန်ဆွဲပြီး ဆင်ကြံကြံနေခဲ့ကြတာဖြစ်ကြောင်း ကျွန်တော်တို့အားလုံး သိထားကြပါတယ်။ ၁၉၆၁−၆၂ ခုနှစ်မှာ ထွက်ပြူလာတဲ့ ဖက်ဒရယ်မူ လှုပ်ရှားမှုဆိုတာဟာ ရှမ်းပဒေသရာဇ်ခေါ် ကျားအုပ်စုရဲ့ ပြည်ထောင်စုမှခွဲထွက်ပြီး နယ်ချဲ့စစ်အုပ်စုတစ်ခုမှာ ပါဝင်ဖို့ အားထုတ်ခဲ့တဲ့ လှုပ်ရှားမှုပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်ကပင် ပြည်သူလူထုက လက်မခံခဲ့လို့ အဲဒီ ဖက်ဒရယ်မူခေါ်တဲ့ ပြည်ဖျက်ပြည်ခွဲ လှုပ်ရှားမှုဟာ တစ်ဇာတ်သိမ်းပြီး ချုပ်ငြိမ်းသွားခဲ့တာ ဖြစ်ပါတယ်။

အခု စစ်ခမ်ဖတို့က မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်း အမြဲကြံစည်နေတဲ့ နယ်ချဲ့ဆရာကြီးရဲ့ ဇာတ်ညွှန်းအတိုင်း တစ်ကျော့ပြန်ပြီး ခွဲထွက်ရေးဆိုတာကို လုပ်လာကြခြင်းသာ ဖြစ်ပါတယ်။ စစ်ခမ်ဖနဲ့အတူ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာတဲ့ ပြည်ပြေးတွေဟာ စော်ဘွားအနွယ်တွေသာ ဖြစ်ပါတယ်။

အတိတ်တစ္ဆေ

နယ်ချဲ့ခေတ်နဲ့ လွတ်လပ်ရေးခေတ်ဦးတုန်းက ရှမ်းပြည်နယ်တစ်ခွင်မှာ စော်ဘွားတွေ ဗိုလ်ကျ၊ မင်းမူ၊ သွေးစုပ်ခြယ်လှယ် ဖိနှိပ်ညှဉ်းပန်းခဲ့လို့ ဒဏ်ရာဒဏ်ချက်တွေ ဗရပွနဲ့ ဒုက္ခရောက်ခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေဟာ ကျွန်တော်တို့ကို အတိတ်တစ္ဆေလို အခုထိ ခြောက်လှန့်နေဆဲ ဖြစ်ပါတယ်။

ပြည်သူ၊ ပြည်သားတွေကို လောင်းကစားပွဲမျိုးစုံနဲ့ မှိုင်းတိုက်ပြီး လောင်းကစားဒိုင်နဲ့ စော်ဘွားတွေက အမြတ်ဝေစုကို တပျော်တပါး ခွဲယူကြ၊ ပြည်သူတွေမှာတော့ မွဲပြာကျရတဲ့ အတိတ်ကဇာတ်လမ်းတွေ၊ အခွန်ဆက်ကြေးမျိုးစုံကို မရှိမဲ့ရှိမဲ့ ပေးခဲ့ရတဲ့ အတိတ်က မှတ်တမ်းတွေ၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသားတွေအတွက် ရေအိုးစင်လေးတစ်စင်တောင် တည်မပေးဘဲ ပြည်သူ့အခွန်ဘဏ္ဍာနဲ့ ဟော်နန်းကြီးတွေမှာ စိမ်ခံသွားခဲ့ကြတဲ့ သူတို့ရဲ့ အရိပ်မည်းတွေကို ကျွန်တော်တို့ ယနေ့တိုင် မမေ့နိုင်ကြသေးပါဘူး။

လုံးဝလက်မခံ

အခု စစ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့က နယ်ချဲ့အားကိုးနဲ့ ကျွန်တော်တို့ ပြည်သူတွေကို နောက်တစ်ချီ ဖိနှိပ်သွေးစုပ်ဖို့၊ ပြည်သူတွေ အရိပ်တကြည့်ကြည့်လုပ်နေတဲ့ ပြည်ထောင်စုကြီးကို ဖြိုခွဲဖဲ့ယူဖို့ လုပ်လာတာကို တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူလူထုကြီးနဲ့အတူ သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံပါဘူးခင်ဗျား။

ခုလို အမြင်ကျဉ်းမြောင်းတဲ့ လူမျိုးရေးစိတ်ဓာတ်အခြေခံနဲ့ ပြည်သူတွေ အတိဒုက္ခရောက်အောင် ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောနဲ့လုပ်တာကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနဲ့အတူ ကျွန်တော်တို့ သီပေါမြို့နယ်မှ လူထုကလဲ ဆန့်ကျင်ရှုတ်ချလျက်ရှိနေကြပါတယ်။

ဒါကြောင့် ပြည်သူလူထုရဲ့ ဆန္ဒသဘောထားနဲ့အညီ **"ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ပွင့်ပွင့်လင်းလင်း တင်သွင်းလိုက်ပါတယ်ခင်ဗျား။ (သတင်းစဉ်)

ပြည်ထောင်စုသားအားလုံးက ပြည်ထောင်စုဖြိုခွဲသူ ဒို့ရန်သူလို့ ကမ္ဘာသိ အတိအလင်းကြေညာထား ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ မလိမ့်တပတ်လုပ်ရပ်၊ အဓမ္မလုပ်ရပ်တွေကို ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေဆိုတဲ့အတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လုံးဝမကျေနပ်

ရန်ကုန် မေ ၁၃

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၁ ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် သီပေါမြို့ ဒုဋ္ဌဝတီအားကစားကွင်း၌ကျင်းပရာ သီပေါမြို့နယ် တိန်းစံကျေးရွာအုပ်စုမှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းသီဂီက ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို အောက်ပါအတိုင်း ထောက်ခံတင်ပြသွားသည်–

သီပေါမြို့နယ် တိန်းစံကျေးရွာအုပ်စုမှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းသီဂီက ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံတင်ပြစဉ်။ (သတင်းစဉ်)

လေးစားအပ်ပါသော သဘာပတိကြီးရှင့်

ကျွန်မကတော့ တိန်းစံကျေးရွာအုပ်စုမှ ဒေါ်နန်းသီဂီ ဖြစ်ပါတယ်။ အဆိုရှင် ဦးကောင်တိုင်း တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါများရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာချက်ရဲ့ ကန့်လန့်ကာနောက်ကွယ်ကို လှစ်ကြည့်လိုက်ရင် ပြည်ပြေးအာဏာရူးနဲ့ နယ်ချဲ့ဘီလူးတို့ ပူးပေါင်းကြံစည်တဲ့ ပြည်ထောင်စုကြီးအား လုပ်ကြံဖြိုခွဲရေး လုပ်ရပ်ဆိုးတစ်ခုဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူတွေအတွက် အန္တရာယ်အလွန်ကြီးမားတာကြောင့် အစိုးရက အဲဒီအုပ်စုကို မတရားအသင်းအဖြစ် ကြေညာထားပြီးဖြစ်သလို နိုင်ငံရေးပါတီတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ ဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူတွေကလည်း လုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချကန့်ကွက်ထားကြပြီး ဖြစ်ပါတယ်။

ကမ္ဘာသိကြေညာထား

ဒီလို မလောက်လေး မလောက်စား ပြည်ပြေးတစ်စုရဲ့ လေထဲကစကားဟာ ကျွန်မတို့ပြည်သူလူထုရဲ့နားကို ခါးစေပါတယ်။ ကျွန်မတို့ရဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနိုးကြားတက်ကြွစေပါတယ်။ ပြည်ထောင်စုသားအားလုံးဟာ ပြည်ထောင်စုဖြိုခွဲသူ ဒို့ရန်သူလို့ ရပ်သိရွာသိ ကမ္ဘာကသိအောင် အတိအလင်း ကြေညာထားပြီးဖြစ်ပါတယ်။

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုဟာ ပြောတော့ စင်ပြိုင်အစိုးရ၊ လုပ်တော့ သူခိုးဓားပြဆိုသလို လဲချားမြို့နယ်လူထုနဲ့ မိုင်းနောင်မြို့နယ်လူထုကပဲ သူတို့ကို ထောက်ခံသယောင် မလိမ့်တပတ် လုပ်ဇာတ်ခင်းပြီး လိမ်ညာဝါဒဖြန့်သွားကြပါသေးတယ်။ ဒါကြောင့် လဲချားနှင့် မိုင်းနောင်ဒေသမှ တိုင်းရင်းသားပြည်သူတွေက လူထုအစည်းအဝေးကြီးတွေ ကျင်းပပြီး စဝ်ခမ်ဖတို့ ပုဆိန်ရိုးအုပ်စုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချကြောင်း ဆုံးဖြတ်ချက်ချတဲ့ သတင်းတွေကို ကျွန်မတို့အားလုံး ကြားသိကြရပြီး ဖြစ်ပါတယ်။

သပ်လျှိုသွေးခွဲ

ပြည်ပြေးတွေက အင်တာနက်ဆိုတဲ့ ကွန်ပျူတာချင်းချိတ်ဆက် သတင်းဖြန့်တဲ့ ကွန်ရက်ကနေပြီး ကျွန်မတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်မှ လူတချို့ကပဲ စာတွေရေးသားပေးပို့ ထောက်ခံသယောင် လိမ်ညာဝါဒဖြန့်နေပါတယ်။ ဒါဟာ ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေးအတွက် သွေးတိုးစမ်းလိုက်တာပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတွေရဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ဒီလို သပ်လျှိုသွေးခွဲတဲ့နည်းနဲ့ လုပ်ကြံလာတာကို ကျွန်မတို့ လုံးဝလက်မခံပါဘူး။ ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ တစ်နပ်စားလုပ်ရပ်၊ မလိမ့်တပတ်လုပ်ရပ်နဲ့ အဓမ္မလုပ်ရပ်တွေကို ကမ္ဘာကျေသော်လဲ ဥဒါန်းမကျေဆိုတဲ့အတိုင်း ကျွန်မတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လုံးဝမကျေနပ်ကြောင်း ကြေညာလိုက်ပါတယ်ရှင့်။

ကျွန်မတို့ရဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သာမက ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရော၊ (အရှေ့ပိုင်း) မှာရော ပြည်ထောင်စုကြီး တစ်ခုလုံးမှာပါ အဲဒီသစ္စာဖောက် ပုဆိန်ရိုးအုပ်စုကို နှမ်းတစ်စေ့စာမျှ ထောက်ခံခြင်းမရှိကြောင်း၊ ဤပြည်ထောင်စု အမိမြေအား သက်သေထား၍ သစ္စာစကား ဆိုလိုက်ပါတယ်ရှင့်။

အာလိုက်သည်းလိုက်

ဒါကြောင့် ဒီနေ့လူထုအစည်းအဝေးကြီးမှာ အဆိုရှင် ဦးကောင်တိုင်း တင်သွင်းသွားတဲ့ **"ပြည်ပြေး စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုပါ အာလိုက်အသည်းလိုက် ထောက်ခံလိုက်ရပါတယ်ရှင့်"။

(သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါများရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာချက်ရဲ့ ကန့်လန့်ကာနောက်ကွယ်ကို လှစ်ကြည့်လိုက်ရင် ပြည်ပြေးအာဏာရူးနဲ့ နယ်ချဲ့ဘီလူးတို့ ပူးပေါင်းကြံစည်တဲ့ ပြည်ထောင်စုကြီးအား လုပ်ကြံဖြိုခွဲရေး လုပ်ရပ်ဆိုးတစ်ခုဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သာမက ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရော၊ (အရှေ့ပိုင်း) မှာရော ပြည်ထောင်စုကြီးတစ်ခုလုံးမှာပါ အဲဒီသစ္စာဖောက် ပုဆိန်ရိုးအုပ်စုကို နှမ်းတစ်စေ့စာမျှ ထောက်ခံခြင်းမရှိကြောင်း ဤပြည်ထောင်စု အမိမြေအား သက်သေထား၍ သစ္စာစကား ဆိုလိုက်ပါတယ်။

SSA အမည်ခံ ဘိန်းမှောင်ခိုသောင်းကျန်းသူ လက်ကျန်တစ်စုကို ပြည်ပြေး စဝ်ခမ်ဖလက်ထဲထိုးအပ်

ဘိန်းဓားပြဇာတ်ပျက်နဲ့ ဝရမ်းပြေးဓာ်ဘွားအနွယ် ပေါင်းမိတာဟာ ရှမ်းပြည်နယ်မှ တိုင်းရင်းသားပြည်သူတွေကို ဒုက္ခပေးဖို့အတွက်သာဖြစ်

ရန်ကုန် မေ ၁၃

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် သီပေါမြို့ ဒုဋ္ဌဝတီအားကစားကွင်း၌ကျင်းပရာ သီပေါမြို့ ဇာတ်စုရပ်ကွက်မှ ပလောင်တိုင်းရင်းသား ဦးခွန်စိုးလွင်က ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို အောက်ပါအတိုင်း ထောက်ခံတင်ပြသွားသည်–

သီပေါမြို့ ဇာတ်စုရပ်ကွက်မှ ပလောင်တိုင်းရင်းသား ဦးခွန်စိုးလွင်က ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံတင်ပြစဉ်။ (သတင်းစဉ်)

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား

ကျွန်တော်ကတော့ ဇာတ်စုရပ်ကွက်မှ ဦးခွန်စိုးလွင် ဖြစ်ပါတယ်။ ဒီနေ့လူထုအစည်းအဝေးပွဲကြီးမှာ အဆိုရှင် ဦးကောင်တိုင်း တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကလိမ်ကကျစ်လုပ်

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုက ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာချက်ကို ပြည်ပတစ်နေရာကနေ BBC, VOA စတဲ့ မိုးလုံးပြည့် မုသာဝါဒသတင်းဌာနတွေရဲ့ ပံ့ပိုးမှုနဲ့ ကြေညာသွားတာ ဖြစ်ပါတယ်။ ဒီနေ့လို ခေတ်ကာလမှာ ပြန့်ကြဲဖောင်းပွနေတဲ့ မီဒီယာလွှမ်းခြုံမှုကို လက်ကိုင်ပြုပြီး နိုင်ငံတကာက ယုန်ထင်ကြောင်ထင် ထင်လာအောင်၊ သူတို့ကို ထောက်ပံ့လာအောင် ကလိမ်ကကျစ်လုပ်နေတာ ထင်ရှားပါတယ်။ SSA အမည်ခံတဲ့ ဘိန်းမှောင်ခိုသောင်းကျန်းသူ လက်ကျန်တစ်စုကလည်း သူတို့ရဲ့ သောင်းကျန်းသူ လက်တစ်ဆုပ်စာကို ပြည်ပြေးစဝ်ခမ်ဖ စင်ပြိုင်အဖွဲ့ရဲ့လက်ထဲ ထိုးအပ်လိုက်တဲ့သတင်းကိုလည်း ကျွန်တော်တို့ ကြားသိရပါတယ်။

ဒါဟာ သူခိုးနဲ့ဓားပြပေါင်းမိသွားတာပဲ ဖြစ်ပါတယ်။ ပြည်ပြေးနဲ့ပြည်ဖျက် လက်တွဲလိုက်တာပဲ ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် ရွက်ဆစ်တို့လို SSA ဘိန်းဓားပြသောင်းကျန်းသူလက်ကျန်အုပ်စုက ပြည်ပအားကိုးပုဆိန်ရိုး စဝ်ခမ်ဖတို့ကို အရူးဘုံမြှောက်လိုက်တာပဲ ဖြစ်ပါတယ်။

SSA ရွက်ဆစ်တို့ ဘိန်းဓားပြအုပ်စုရဲ့ လူသတ်၊ မိုင်းထောင်၊ ဗုံးခွဲ၊ မုဒိမ်းကျင့်၊ ဆက်ကြေးတောင်း၊ လူသစ်အဓမ္မစုဆောင်းတဲ့ လုပ်ရပ်တွေကို ကျွန်တော်တို့ ရှမ်းပြည်နယ်လူထုကြီးအနေနဲ့ အကြိမ်ကြိမ် အထပ်ထပ် ခံခဲ့ကြရလို့ စက်ဆုပ်ရွံ့ရှာ အော့နှလုံးနာနေတာ ကြာခဲ့ပါပြီခင်ဗျား။

ဘိန်းရာဇာ

ရွက်ဆစ်ဟာ ၁၉၉၆ခုနှစ် ဇန်နဝါရီလက MTA ခေါ် မော်ထိုင်းမူးယစ်ဆေးဝါးအဖွဲ့နဲ့ အတူ လက်နက်ချဖို့ စာရင်းပေးပြီးမှ၊ ဥပဒေဘောင်အတွင်းဝင်နေပြီးမှ ဘိန်းဖောက်သည်တွေဆီက ဘိန်းကြွေးတွေ တစ်နင့်တစ်ပိုးရစရာရှိတာကို သတိရပြီး ဥပဒေပြင်ပကို ပြန်ထွက်ပြေး၊ မူးယစ် ဆေးထုတ်လုပ်ရောင်းဝယ်မှု သံသရာမှာ တစ်ရစ်ဝဲဝဲ ပြန်လည်နေတဲ့ ဘိန်းရာဇာတစ်ဦးသာ ဖြစ်ပါတယ်။

ရွက်ဆစ်တို့လို ဘိန်းဓားပြ သောင်းကျန်းသူတွေက ပြည်ပြေးစဝ်ခမ်ဖရဲ့ ရှမ်းသမ္မတနိုင်ငံဆိုတာရဲ့ တပ်ဖြစ်သွားပြီဆိုကတည်းက အဲ့ဒီစင်ပြိုင်အစိုးရဆိုတာဘယ်လို အစိုးရဖြစ်မလဲ။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▶

ပြည်ပြေးလက်မရှိ အဇာတသတ်တွေရဲ့ ဒုစရိုက်လုပ်ရပ်တွေ တစ်နေ့တခြား တိုးပွားဆိုးရွားလာ ဒေဝဒတ်ဆိုတဲ့နယ်ချဲ့ကို ဆရာတင်ပြီး ကိုယ့်မိဘပြည်သူကို သတ်ဖြတ်နေတာကို ကြည့်နေလို့မဖြစ်တော့ မခံမရပ်နိုင်တဲ့ မကျေနပ်ချက်တွေကို ပြည်သူ့စွမ်းအားအဖြစ် အထင်အရှားပြသ

ရန်ကုန် မေ ၁၃

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီးကို မေ ၁၁ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် သီပေါမြို့နယ် သီပေါမြို့ ဒုဋ္ဌဝတီအားကစားကွင်း၌ကျင်းပရာ သီပေါမြို့ဈေးရပ်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းအုန်းကြွယ်က ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို အောက်ပါအတိုင်း ဖြည့်စွက်ထောက်ခံတင်ပြသွားသည်-

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား

ကျွန်တော်ကတော့ ဈေးရပ်မှ ဦးစိုင်းအုန်းကြွယ် ဖြစ်ပါတယ်။ အဆိုရှင် ဦးကောင်တိုင်း တင်သွင်းတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ဖြည့်စွက်ထောက်ခံသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား

မုဆိုးနားနီးမုဆိုး၊ တံငါနားနီး တံငါဆိုတဲ့ စကားပုံအတိုင်း အကြမ်းဖက်အဖျက်သမားတွေဟာ နယ်ချဲ့နားနီးနီးနေ၊ နယ်ချဲ့တွေကျွေးတာစား၊ နယ်ချဲ့သမားပေးတာယူပြီး နယ်ချဲ့ဆရာကြီးခိုင်းသလို ကိုယ့်နိုင်ငံအပေါ် ကိုယ်ပြန်စော်ကားနေကြပါတယ်။ အဲဒီပြည်ပြေးလက်မရှိ အဇာတသတ်တွေရဲ့ ဒုစရိုက်လုပ်ရပ်တွေဟာ ရဟန်းရှင်လူပြည်သူတွေ တစ်နေ့တခြား သည်းမခံနိုင်လောက်အောင် တိုးပွားဆိုးရွားလာနေတာ တွေ့ရပါတယ်။

KNU က ဘုရားဖူးယာဉ်တန်းတွေကို ပစ်ခတ်တာ၊ လေ့လာရေးခရီးထွက်လာတဲ့ တက္ကသိုလ်က ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားနဲ့ ခရီးသွားတွေကို ပစ်ခတ်သတ်ဖြတ်တာတွေကို ဆက်တိုက်ကျူးလွန်နေသလို ရှက်ဆစ်ရဲ့ ဘိန်းဓားပြဂိုဏ်း SSA ကလည်း ဗုံးခွဲ၊ လူသတ်၊ မီးရှို့ဖျက်ဆီးတာတွေဟာ စာရင်းလုပ်လို့တောင် မနိုင်လောက်အောင် ဖြစ်နေပါတယ်။

နိုင်ငံအတွင်း ခိုးဝင်ပြီး ဗုံးခွဲ၊ မိုင်းထောင်၊ လူသတ်တဲ့ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB အကြမ်းဖက် အုပ်စုတွေကလည်း သခင်အားရ ကျွန်ပါးဝ လုပ်ပြနေကြတုန်းပါပဲ။ ကေအင်နိပီပီ တစ်ခြမ်းပဲ့ကျွန်းသစ်မှောင်ခို အဖျက်အုပ်စုကလည်း ဒေသခံပြည်သူတွေကိုသတ်ပြီး နယ်ချဲ့ထံက ဆုလာဘ်

သီပေါမြို့ ဈေးရပ်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းအုန်းကြွယ်က ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ဖြည့်စွက်ထောက်ခံစဉ်။

(သတင်းစဉ်)

တွေကို ခံယူနေကြတာဟာ နားနှင့်မဆံ့အောင် ကြားသိနေတဲ့ သတင်းဆိုးတွေပါပဲ။

အဲဒီအဖျက်သမားအုပ်စုများက အကြမ်းဖက်မှုတွေ ဆက်တိုက်လုပ်လာရာမှာ အခု မေလ ၇ရက်နေ့က ရန်ကုန်မြို့တော်က ထိုင်းကုန်စည်ပြပွဲ၊ မရမ်းကုန်း မြိုင်ဟေဝန်အဆောက်အအုံက ဂျမ်းရှင်းအိတ်ကုန်တိုက်၊ မြေနီကုန်းက ဒဂုံစင်တာကုန်တိုက်တို့မှာ အများပြည်သူများ အမှုမဲ့အမှတ်မဲ့ ဈေးရောင်းဈေးဝယ်လုပ်နေတုန်း ဗုံးခွဲသတ်ဖြတ်ခဲ့ကြတဲ့အတွက် အပြစ်မဲ့ပြည်သူ ၁၁ယောက်သေဆုံးပြီး ၁၆၀ ကျော် ဒဏ်ရာရရှိသွားခဲ့ပြန်ပါပြီ။

သဘာပတိကြီးခင်ဗျား

အဲဒီအကြမ်းဖက်သမား လူရမ်းကားတွေဟာ ပြောတော့ ဒီမိုကရေစီ၊ သူတို့ရဲ့ လက်မရှိခြားမှာတော့ လူ့အသက်သွေးတွေနှင့် တညီညီ၊ ကြေညာတာက ယှဉ်ပြိုင်အစိုးရ၊ လုပ်နေကြတာက သူခိုးဓားပြ။ ဒေဝဒတ်ဆိုတဲ့ နယ်ချဲ့ကို ဆရာတင်ထားပြီး အဇာတသတ်လို ကိုယ့်မိဘပြည်သူကို သတ်ဖြတ်စော်ကားနေတာကို အေးအေးလူလူ မပူမပင် ကြည်ကြည်လင်လင်နေချင်တဲ့ ကျွန်တော်တို့ပြည်သူတွေ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ပါဘူး။ မကျေနပ်တာကို မကျေနပ်ကြောင်း ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောကြားဖို့ လိုအပ်နေပါပြီ။

ပြည်ပြေးစဝ်ခမ်ဖတို့က ပြည်ထောင်စုဖြိုခွဲရေး အကြံဆိုးနှင့် ရှမ်းပြည်နယ်ခွဲထွက်ရေးကြေညာနေချိန်မှာ မိုက်ဖော်ဆိုးဖက် အဖော်ရပြီလို့ ဝမ်းသာအားရနှင့် ပြည်သူ့ရင်ဘတ်ကို ပစ်မှတ်သတ်ကွင်းပမာသဘောထားတဲ့ KNU၊ SSA၊ KNPP နဲ့ NCGUB တို့က လက်ရဲဇက်ရဲ အဇာတသတ်စီမံကိန်းနှင့် ကိုယ့်ပြည်သူ၊ ကိုယ့်မိ၊ ကိုယ့်ဖကို ပြန်သတ်ပြနေတာ တွေ့ရတဲ့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မခံမရပ်နိုင် ဖြစ်နေကြရပါတယ်။ အဲဒီမခံမရပ်နိုင်တဲ့ မကျေနပ်ချက်တွေကို ပြည်သူ့စွမ်းအားအဖြစ် အထင်အရှား ပြသ ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ အဆိုရှင် ဦးကောင်တိုင်း တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို အကြွင်းမဲ့ထောက်ခံရင်း အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူ လူသတ်သမားများကို ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ရပါတယ်ခင်ဗျား။ (သတင်းစဉ်)

မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါဆိုတဲ့ စကားပုံအတိုင်း အကြမ်းဖက် အဖျက်သမားတွေဟာ နယ်ချဲ့နားနီးနီးနေ၊ နယ်ချဲ့တွေကျွေးတာစား၊ နယ်ချဲ့သမားပေးတာယူပြီး နယ်ချဲ့ဆရာကြီးခိုင်းသလို ကိုယ့်နိုင်ငံအပေါ် ကိုယ်ပြန်စော်ကားနေ။

စာမျက်နှာ ၁၀ မှ

ဘိန်းဓားပြအစိုးရပဲဖြစ်မှာပါ။ တစ်နည်းပြောရရင် သူခိုးကြီးတော့ဓားပြ၊ ဓားပြကြီးတော့သူပုန်၊ သူပုန်ကြီးတော့ စင်ပြိုင်အစိုးရအမည်ခံ၊ နောက်ဆုံးမှာ အကြမ်းဖက်အဖျက်အုပ်စု (Terrorist)ဖြစ်ရုံမှတစ်ပါးအခြားမရှိပါဘူးခင်ဗျား။

ဒုက္ခပေးဖို့

ဒီလိုဘိန်းဓားပြဇာတ်ပျက်နဲ့ ဝရမ်းပြေးစော်ဘွားအနွယ်တွေပေါင်းမိတာဟာ ရှမ်းပြည်နယ်မှ တိုင်းရင်းသားပြည်သူတွေကို အကြောင်းမရှိအကြောင်းရှာပြီး ဒုက္ခလှလှပေးဖို့အတွက်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းဖွံ့ဖြိုး၊ တိုးတက်စည်ပင်၊ စည်းလုံးညီညွတ်နေတဲ့ပြည်ထောင်စုကြီးကို ဖြိုခွဲဖို့ ကြိုးစားလာတဲ့ စဝ်ခမ်ဖတို့လို မျိုးဖျက်တွေကို သီပေါမြို့နယ်မှ တိုင်းရင်းသားအားလုံးက၊ ပြည်ထောင်စုတစ်ဝန်းလုံးက ပြည်သူလူထုနှင့်အတူ လုံးဝလက်မခံဘဲ ပြင်းပြင်းထန်ထန်ဆန့်ကျင်ရှုတ်ချလျက်ရှိနေကြပါတယ်။

ဒါကြောင့် အဆိုရှင် ဦးကောင်တိုင်း တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနဲ့အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား သီပေါမြို့နယ်မှ တိုင်းရင်းသား ပြည်သူများ ကလုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို လိုက်လိုက်လှဲလှဲထောက်ခံလိုက်ပါတယ်ခင်ဗျား"။

(သတင်းစဉ်)

ဗောဓိပင်စိုက်ပျိုးပွဲနှင့် တရားပွဲကျင်းပမည်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ ရွှေရောင်မြင် သာသနာ့ရိပ်သာတွင် ဗောဓိပင်စိုက်ပျိုးပွဲနှင့် တရားပွဲကို မေ ၂၁ရက်တွင် ပြုလုပ်မည်ဖြစ်ရာ ရန်ကုန်မြို့ အေးမြချမ်းသာ မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သီရိဓမ္မ (ဘီအေပါဠိဂုဏ်ထူး)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက်အတွင်းရှိ မဟာဗောဓိ၊ အောင်တော်မူမြတ်စွာဘုရားအား ဗုဒ္ဓပူဇနိယ ညောင်ရေသွန်းပွဲကို ကဆုန်လပြည့်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကွယ်လွန်သူ ဦးပေါက်တူးအား ရည်စူး၍ အမှတ် (၁၆/အေ) ပြည်လမ်း (၆)မိုင်ခွဲ လှိုင်မြို့နယ်နေ ဇနီး ဒေါ်ကျင်အေးနှင့် သား၊ သမီး၊ မြေးတစ်စုက ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေ ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးသန်းအောင် လက်ခံယူစဉ်။

(က-ပ)

▲ နယ်ချဲ့မှ

ပြည်သူလူထုရဲ့ လူနေမှု အဆင့်အတန်းဟာလဲ အခုအခြေအနေထက် ပိုမိုမြင့်မားနေမှာ သေချာပါတယ်။ အားလုံးသိကြတဲ့အတိုင်း နယ်ချဲ့နဲ့ အပေါင်းပါ အဖျက်သမားတွေဟာ ကျွန်တော်တို့ ပြည်ထောင်စုကြီးကို ဖြိုခွဲပစ်ဖို့ အကြိမ်ကြိမ်အဖန်ဖန် အကြံကြီးကြံစည်နေကြောင်း ကျွန်တော်တို့ တွေ့ရှိနေရပါတယ်၊ ပြည်ထောင်စုကြီး ပြိုကွဲသွားရင် နယ်ချဲ့သမားက ထပ်မံဝင်ရောက်ပြီး ခြယ်လှယ်စိုးမိုး ကုပ်သွေးစုပ် အမြတ်ထုတ်ဦးမယ်၊ နယ်ချဲ့သမားရဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြိုခွဲရေး လုပ်ရပ်မှာ ကိုယ်ထိလက်ရောက်ပါဝင် သစ္စာဖောက်နေကြတဲ့ အဖျက်သမားတွေကတော့ နယ်ချဲ့သမားပစ်ကျွေးတဲ့ အရိုးအရင်းကို ဝိုင်းကိုက်ကြရမယ်၊ ဒီလိုရည်ရွယ်ချက်တွေနဲ့ အမိမြေအပေါ် သစ္စာဖောက်ပြီး ပြည်သူအပေါ် သစ္စာပျက်တဲ့အဖျက်သမားတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးက စက်ဆုပ်ရွံရှာနေကြပါတယ်။

တိုင်းရင်းသား ပြည်သူလူထုကြီးခင်ဗျား

ပြည်ပြေးသစ္စာဖောက် အဖျက်သမားတွေထဲက နောက်ဆုံးခေါင်းထောင်ထလာသူကတော့ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါ တစ်စုပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်ထောင်စု ထာဝရတည်တံ့ခိုင်မြဲပြီး အေးချမ်းဖို့၊ တိုးတက်ဖို့ ပြည်ထောင်စု စိတ်ဓာတ်ကိုယ်စီနဲ့ ကြိုးပမ်းနေကြချိန်မှာ ရှမ်းစော်ဘွားအနွယ် ပြည်ပြေးစဝ်ခမ်ဖတို့ အုပ်စုဟာ အသားထဲကလောက်ထွက်တဲ့သစ္စာဖောက် လောက်ကောင်ပမာ ပြည်ထောင်စုကြီး ပြိုကွဲအောင် ကြံစည်လုပ်ဆောင်လာတဲ့အတွက် ပြည်သူလူထုကြီးအနေနဲ့ ဒေါသ ဖြစ်ကြရပါတယ်၊ စဝ်ခမ်ဖနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း သမား အမျိုးသစ္စာဖောက်များက သူတို့ လူလေးငါးယောက်လောက်နဲ့ ရှမ်းပြည်အစိုးရထောင်လိုထောင်၊ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာလိုကြေညာနဲ့ မဖွယ်မရာလုပ်ရပ်တွေကို လုပ်လာကြတာပဲဖြစ်ပါတယ်။

မတရားအသင်းကြေညာ

ဧပြီ ၁၇ရက်နေ့မှာ စဝ်ခမ်ဖက သူ့ကိုယ်သူရှမ်းသမ္မတအဖြစ် ကြေညာပြီး ပြည်ထောင်စုကြီးဖြိုခွဲဖို့ စတင်လှုပ်ရှားခဲ့ပါတယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနက ၁၉-၄-၂၀၀၅ရက်နေ့မှာ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၅)နဲ့ စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုကို မတရားအသင်းအဖြစ် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ တရားဝင်တည်ဆဲနိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများကလဲ စဝ်ခမ်ဖတို့ရဲ့လုပ်ရပ်ကို လုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချတဲ့ သဘောထား ကြေညာချက်တွေကို အသီးသီးတညီတညွတ်တည်း ထုတ်ပြန်ခဲ့ကြပြီးဖြစ်ပါတယ်။

တိုင်းရင်းသား ပြည်သူလူထုကြီးခင်ဗျား

ဒါဟာအရေးကြီးရင် သွေးစည်းညီညွတ်တဲ့၊ အရေးကြုံရင် သက်လုံကောင်းတဲ့၊ နိုင်ငံနဲ့ပြည်သူ့အရေးကို ကိုယ့်အရေးထက် ဦးစားပေးတဲ့ ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားတို့ရဲ့ ဗီဇစိတ်အမှန်နဲ့ တုံ့ပြန်လာတဲ့ အမျိုးသားရေးစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး ငြိမ်းချမ်းစည်ပင်တိုးတက်သာယာဝပြောလာစေလိုတဲ့ တိုင်းရင်းသားပြည်သူများဟာ စဝ်ခမ်ဖနဲ့ အပေါင်းပါ ပြည်ပြေးတစ်စုရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေး အကြံအစည်ဆိုးကို လုံးဝလက်သင့်မခံ၊ ရာသက်ပန်မလိုလားကြတဲ့အတွက် ဒီကနေ့ လူထုအစည်းအဝေးကြီးကျင်းပပြီး ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ကြတာပဲ ဖြစ်ပါတယ်။ ဒါဟာ ပြည်သူလူထုကြီးရဲ့ သဘောထားဆန္ဒအမှန်၊ မျိုးချစ်စိတ်ဓာတ် နဲ့ ပြည်ထောင်စုစိတ်ဓာတ်ရဲ့ ပုံတင်သံ၊ နိုင်ငံနဲ့လူမျိုးကို ချစ်မြတ်နိုးတဲ့ မှန်ကန်သောလုပ်ရပ်ပဲ ဖြစ်ပါတယ်။

ဆန္ဒအမှန်ပြသ

ဒါကြောင့်မို့ ဒီကနေ့ လူထုအစည်းအဝေးကြီးကို တက်ရောက်လာကြတဲ့ ပြည်သူများအပါအဝင် သီပေါမြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူအားလုံးဟာ မိမိတို့ရဲ့ဆန္ဒအမှန်ကို အခုလူထုအစည်းအဝေးကြီးမှာ ထုတ်ဖော်ပြသကြပါ၊ ပြည်သူလူထုတစ်ရပ်လုံးနဲ့ အေးအတူပူအမျှ ထာဝရလက်တွဲပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆတက်ထမ်းပိုး ပါဝင်သယ်ပိုး ကြိုးပမ်းဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ညောင်ကုန်း ကျေးရွာအနီးရှိ ညောင်ကုန်း ရေလှောင်တမံ တည်ဆောက် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြည့်ရှုစစ်ဆေး ဌာနအလိုက် စနစ်တကျဆောင်ရွက်ရန် မှာကြား

ရန်ကုန် မေ ၁၃

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၁ရက် နံနက် ၆နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ရန်ကုန်-မန္တလေး ခြောက်လမ်းသွားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၃၉၃/၃)မိုင်၌ ဒန်းချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဝါမျိုးသန့်ဇုန်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကုက္ကိုစု ကျေးရွာရှိ အမ်စီယူ(၉)ချည်မျှင်ရှည်ဝါ မျိုးသန့်စိုက်ပျိုးရေးဇုန်သို့ ရောက်ရှိပြီး မျိုးကောင်းမျိုးသန့်ဝါ အမျိုးအစားများနှင့် ထွက်ရှိသော ဝါဂွမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံတောင်သူဦးကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ မိုးကြိုချည်မျှင်ရှည်ဝါ အထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရေး၊ ဒေသတာဝန်ခံများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ တာဝန်ရှိသူများကလည်း အထွက်နှုန်းတိုးတက်ကောင်းမွန်ရေးအတွက် ပံ့ပိုးကူညီရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကုက္ကိုစုကျေးရွာရှိ တောင်သူ ဦးမောင်သန်း၏ ကွင်းအမှတ်(၅၁၀-က) ကုက္ကိုစုကွင်း၌ စမ်းသပ်သည့် မိုးကြိုချည်မျှင်ရှည်ဝါမျိုးခုနစ်မျိုး စိုက်ပျိုးထားပြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ လျာထားဧက ၁၃၅၀၀ အနက် ၁၃၅၄၇ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

နွမ်းစပါးစံပြကွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီခွဲတွင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၇၃/၅) နှင့် (၃၇၄/၇) ကြားရှိ ဝမ်းတွင်းမြို့နယ် ရာသချာကျေးရွာအုပ်စု၌ ကင်းတားလက်ဝဲမြောင်းမဆည်ရေဖြင့် စိုက်ပျိုးထားရှိပြီး တစ်ဆက်စပ်တည်း ဧက၃၀၀ အောင်မြင်ဖြစ်ထွန်းနေသည့် နွမ်းစပါးမျိုးသန့်စံပြကွက်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဒေသခံတောင်သူလယ်သမားကြီးများအားရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွမ်းစပါးအပါအဝင် ချည်မျှင်ရှည်ဝါကိုလည်းနှစ်သီးစားစိုက်ပျိုးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ရာသချာကျေးရွာကွင်းအမှတ် ၁၁၄၇နှင့် ၁၁၅၀တို့တွင် စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်ပွားများရန် ဧက ၂၀၀သတ်မှတ်ပြီး ရိုးရိုးစိုက်ဧက ၇၀၀ စုစုပေါင်းဧက ၉၀၀စိုက်ပျိုးရန် လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီး၌ မိတ္ထီလာလွင်ပြင် ရေရရှိရေး၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

အဆိုပါ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာနိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းလမ်းငါးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာ နည်းလမ်း(၁)အရ ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံတည်ဆောက်ပြီး ကင်းတားရေလွှဲဆည်သို့ ရေချကာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ရေတင်စီမံကိန်းဖြင့် ရေပေးဝေရန် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်တစ်ခုဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၁နာရီခွဲတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာအနီးရှိ ညောင်ကုန်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေး ညှိနှိုင်းအစည်းအဝေးကိုကျင်းပသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်နှင့် မိတ္ထီလာခရိုင်ရေရရှိရေးနှင့်စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် လမ်းညွှန်တာဝန်ပေးအပ်ထားသည့်အားလျော်စွာ မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းများကို အောင်မြင်အောင် ဌာနအလိုက် ဆောင်ရွက်ရမည့်ကဏ္ဍများကို စနစ်တကျ လက်တွေ့ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို စ၊လယ်၊ဆုံး အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်နှင့် ရေရရှိရေးအတွက် အခြားဖြစ်နိုင်ချေရှိသည်များကိုပါ စဉ်းစားတွက်ချက်၍ အောက်ခြေအထိကွင်းဆင်း ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ ရှိရင်းစွဲဖြစ်သော ဆည်မြောင်းများ၊ ဆည်ငယ်၊ ကန်ငယ်များကို ပြုပြင်မွမ်းမံ ထိန်းသိမ်းပြီး နှစ်တိုအတွင်း ရေရရှိရေး၊ စိုက်ဧကတိုးတက်အောင် ဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ ထို့အတူ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီပြီးစီးနိုင်ရေးသာမက စမုံဆည်နှင့် မိတ္ထီလာကန်မှ လျှံကျလာသည့်ရေများကိုလည်း ထိန်းသိမ်းစုဆောင်းရေးအတွက် နည်းလမ်းရှာဖွေ ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း လုပ်ငန်းတစ်ခုဖြစ်သည့် ညောင်ကုန်းရေလှောင်တမံကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြား စီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် လက်ခုပ်ပင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးပြီး လွန်းငင်ရေလှောင်တမံနှင့် လက်ခုပ်ပင်ရေလှောင်တမံတို့အား ဆက်သွယ်မည့် အရှည်ပေ(၅၄၀၀)ရှိ ဆက်သွယ်မြောင်းကို စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှုကိုလည်းကောင်း၊ လွန်းငင်ရေလှောင်တမံနှင့် တမံကျောက်စီလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ချောင်းကောက်ရေလှောင်တမံနှင့် လွန်းငင် ရေလှောင်တမံတို့ကို ဆက်သွယ်ပေးမည့်အရှည် ပေ၅၀၀၀ရှိ ဆက်သွယ်မြောင်းကို စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှုနှင့် ချောင်းကောက် ရေလှောင်တမံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြပြီး ယုဇန ဟိုင်းဝေးကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညနေ၃နာရီခွဲတွင် မိတ္ထီလာ စီးပွားရေးတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြပြီး ညအိပ် ရပ်နားကြသည်။

(သတင်းစဉ်)

“လှို့ဝှက်သောနှင်း” ဇာတ်ကား ရန်ကုန်နှင့် မန္တလေးမြို့လယ်ရုံများတွင် ပြသ

ရန်ကုန် မေ ၁၃

စင်ရော်ရုပ်ရှင်ရုပ်ရှင်ထုတ်လုပ်ရေးမှ အကယ်ဒမီ စင်ရော်မောင်မောင် ခံစားတင်ပြပြီး အကယ်ဒမီလွင်မိုး၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်နှင့် အကယ်ဒမီမြင့်မြင့်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် “လှို့ဝှက်သောနှင်း” ဇာတ်ကားကို ရွှေ့ဆောင်၊ စံပြ၊ သီတာ၊ရွှေမန်း၊ရွှေပြည်သာရုံများ၌ ဆက်လက်ပြသလျက်ရှိသည်။

ဤဇာတ်ကားကို ကချင်ပြည်နယ်မှ ဖုန်ကန်ရာဇီရေခဲတောင်ထိပ်သို့ စွန့်စွန့်စားစား တက်ရောက် ရိုက်ကူးခဲ့ပြီး အကယ်ဒမီ သရုပ်ဆောင်များနှင့်အတူ ရဝမ်၊လီဆူး၊ကချင်တိုင်းရင်းသားတို့ တွဲဖက်ပါဝင် သရုပ်ဆောင်ထားကြပြီး ကချင်ပြည်နယ်၏ ရေခဲတောင်ရှုခင်းများနှင့်အတူ တိုင်းရင်းသား ရိုးရာဓလေ့များကို တဝကြီး ရှုစားခံစားကြရမည်ဖြစ်သည်။

ဇာတ်ကားရိုက်ကူးရာတွင် ခေတ်မီအဆင့်မြင့်ကင်မရာဖြင့် ရိုက်ကူးထားပြီး ဇာတ်ကားကူးဆေးခြင်း၊ တည်းဖြတ်ခြင်း၊တေးဂီတအဆင့်မြင့် Sr.Surround Sound System အသံစနစ်၊ ကွန်ပျူတာ အထူးပြုလုပ်ချက်များ၊ အင်လိပ် စာတန်းထိုးခြင်းလုပ်ငန်းများကို ခေတ်မီအဆင့်မြင့်စွာ ပြုလုပ်ထားသည်။ ဤဇာတ်ကားသည် စွန့်စွန့်စားစား ခက်ခက်ခဲခဲဖြင့် အချိန်ကြာမြင့်စွာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည့်အပြင် ငွေကြေးအရင်းအနှီးများစွာ မြှုပ်နှံထားသော ဇာတ်ကားဖြစ်သည်။

ပရိသတ်များကို အထူးတလည် အားပေးပါရန် ဖိတ်ခေါ်ထားသည်။

(သတင်းစဉ်)

“လှို့ဝှက်သောနှင်း” ရုပ်ရှင်ဇာတ်ကားကို ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည့် ပရိသတ်ကို တွေ့ရစဉ်။

“လှို့ဝှက်သောနှင်း” ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

နွေစပါးရိတ်သိမ်းမှုနှင့် စံကွက်အထွက်နှုန်းကောက်ယူမှု လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၅ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု၌ တစ်ဧကစပါးအထွက်နှုန်းတင်း ၁၀၀ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ အထူးစုန်ဧက ၅၀၀တွင် နွေစပါးရိတ်သိမ်းမှု စံကွက်အထွက်နှုန်းကောက်ယူမှုတို့ကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးသည် အထွက်ကောင်းစပါးမျိုးများဖြစ်သည့် မော်ဘီ၃နှင့် စပါးမျိုးသစ် ဆင်းသွယ်လတ် စိုက်ခင်းများ၌ စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သော လက်တွန်းစပါးရိတ်စက်နှင့် ဘက်စုံသုံး လက်ကိုင်ကြိုးလွယ် စပါးရိတ်စက်တို့ဖြင့် ရိတ်သိမ်းမှုကိုလည်းကောင်း၊ ရိတ်သိမ်းပြီး စပါးခင်းများ၌ တစ်ဧကစံကွက်အထွက်နှုန်းကောက်ယူမှုကိုလည်းကောင်း တောင်သူလယ်သမားများနှင့်အတူ ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များက ရှင်းလင်းပြသကြသည်။

ထွက်ရှိ

စံကွက်ရိတ်သိမ်းသော ဆင်းသွယ်လတ်စပါးမျိုးသစ်သည် တစ်ဧက တင်း ၁၃၀ထွက်ရှိပြီး မော်ဘီ ၃စပါးမျိုးသည် တစ်ဧကတင်း ၁၂၀ထွက်ရှိသည်။

စိုက်ပျိုး

ဆင်းသွယ်လတ် စပါးမျိုးသည် ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာနက ၂၀၀၃-၂၀၀၄ခုနှစ်တွင် စပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ထုတ်လုပ်ပေးခဲ့သည့် အထွက်တိုးစပါးမျိုးဖြစ်ပြီး ယခုအခါ သုတေသန အဆင့်မှ တောင်သူလယ်သမားများ၏ လယ်ယာခွင်သို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိ စိုက်ပျိုးနေသည့် စပါးမျိုးဖြစ်သည်။

ဆင်းသွယ်လတ်စပါးမျိုးကို မနောသုခစပါးစိုက်ပျိုးသည့် ဒေသများ၌ မျိုးအစားထိုး လဲလှယ်စိုက်ပျိုးလျက်ရှိရာ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့၌ မိုးစပါးဧက ၃၃၄၁၀၊ နွေစပါးဧက ၄၃၅၀၀၊ စုစုပေါင်းဧက ၇၆၉၁၀ စိုက်ပျိုးခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဧက ၂၅၀၀၀၀အထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

နှစ်သက်

တစ်ပြည်လုံးတွင် ပဲခူးတိုင်း (အနောက်)၌ မိုးစပါး ၃၂၁၁၈ ဧက၊ နွေစပါး၄၂၁၀၉ ဧက စုစုပေါင်း၇၄၂၂၇ ဧကဖြင့် အများဆုံးစိုက်ပျိုးခဲ့ရာ တစ်ဧကပျမ်းမျှ ၇၈ ဒသမ ၆၆ တင်း ထွက်ရှိခဲ့သည်။ ဆင်းသွယ်လတ်စပါးသည် သက်တမ်းရက် ၁၃၅ ရက်ရှိသည့် ညှော့မထစပါးမျိုးဖြစ်သည်။ ဆန်သားကြည်လင်၍ စားသုံးမှုနူးညံ့ကောင်းမွန်ကာ ရွက်ခြောက်ရောဂါဒဏ်ခံနိုင်ပြီး တင်း ၁၂၀မှ ၁၄၀ ထိ ထွက်ရှိသဖြင့် တောင်သူလယ်သမားများ ကြိုက်နှစ်သက်လျက်ရှိကြောင်း သိရှိရသည်။

ရှင်းလင်းပြသ

ဝန်ကြီးနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ်မှ တစ်ဆင့် ပဲခူးတိုင်း သာယာဝတီမြို့သို့ ရောက်ရှိပြီး သုံးဆယ်ရေလှောင်တမံ၏ အရှည် ခြောက်မိုင်ခွဲရှိသည့် လက်ဝဲတူးမြောင်း၏ မြောင်းခွဲ(၁) မြောင်းဖျားပိုင်းမှစ၍ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းနှင့် တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်တို့က ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆည်ရေပေးမှုများကို ရှင်းလင်းပြသကြသည်။

စိစစ်ချေတာ

ထို့နောက်ဝန်ကြီးသည် အရှည် ၁၀ မိုင်ခန့်ရှိသည့် လက်ဝဲတူးမြောင်း၏ မြောင်းခွဲ(၁) မြောင်းဖျားပိုင်း၌ ဆက်စပ်တူးမြောင်းကို စက်ယန္တရားများဖြင့် တူးဖော်မှုလုပ်ငန်းကိုလည်းကောင်း၊ ပြီးစီးသော တူးမြောင်းများကိုလည်းကောင်း၊ ရေခွဲအဆောက်အအုံနှင့် လက်ဝဲမြောင်းမှ မြောင်းခွဲ(၁)နှင့် မြောင်းခွဲ(၂) ပြီးစီးသောလုပ်ငန်းများ၊ မြောင်းများ၌ ဆည်ရေရောက်ရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ သေသပ်ခိုင်ခံ့မှုရှိရေး၊ လုပ်ငန်းသုံးပစ္စည်းများ လေလွင့်မှု မရှိအောင် စိစစ်ချေတာအသုံးပြုရေး မှာကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် ဆင်းသွယ်လတ်စပါးနှင့် မော်ဘီ (၃) စပါး စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ ဆည်မြောင်း)

သုံးဆယ်ရေလှောင်တမံ၏ ဆည်ရေသောက်စနစ်များကို တည်ဆောက်နိုင်မှုကြောင့် လက်ဝဲမြောင်းမကြီး၏ ပြီးစီးသောအပိုင်းမှ ဆည်ရေပေးဝေ၍ ရေရရှိမည့် ဧက ၂၁၅၀၀တွင် လာမည့်နှစ်၌ နွေစပါးစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ဖော်ထုတ်

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မကွေးမြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ မကွေးတိုင်း စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေရရှိရေး၊ သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မြေယာဖော်ထုတ်၍ သီးနှံစိုက်ပျိုးရေးတို့ကို ဆွေးနွေးသည်။

ဖြည့်စွက်ရှင်းလင်း

ရေးဦးစွာ မကွေးတိုင်းအတွင်း ဆည်ရေလှောင်တမံ တည်ဆောက်မှုစီမံကိန်းများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ခရိုင်အလိုက် ဆည်၊ ကန်ထိန်းသိမ်းမှုများကို ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မှုများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာက ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက ဆည်ရေသောက်ဒေသများ၌ တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိနိုင်ပြီး ၎င်းတို့၏ဆန္ဒနှင့် ကိုက်ညီသော သီးနှံပုံစံချမှတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သီးနှံ ၁၀ မျိုးပန်းတိုင်အထွက်နှုန်းရရှိရန် မျိုးသစ်များ ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိရာ တောင်သူလယ်သမားများအား နည်းပညာ ပံ့ပိုးဖြည့်ဆည်းကူညီရန် လိုအပ်ကြောင်း၊ မြေယာလုပ်ကိုင်ခွင့်များကို ချမှတ်ထားသည့် မြေယာမူဝါဒ စည်းကမ်းဥပဒေနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရန်အပြင် မြေယာစာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်အောင် အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

နယ်စပ်စည်ပင် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ ကျေးလက်လမ်းနှင့်တံတား တည်ဆောက်မှုစစ်ဆေး

ရန်ကုန် မေ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်တို့လိုက်ပါလျက် တောင်ငူမြို့နယ်အပိုင်းတွင် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ဖောက်လုပ်နေသော ထုံးဘိုကြီးရွာရှိ မြေသားလမ်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။ လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းညွှန်ကြားရေးမှူးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဝင်းမွန်တို့က မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးမကျမီ မြေသားလမ်းများ ပြီးစီးရေး၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ တူးဖော်ရေး၊မြေသားလမ်းကိုကျောက်ခင်းသည့်အခါ အရည်အသွေးကောင်းသော လမ်းပုံစံဖြစ်စေရေး အတွက် အောက်ခံမြေမာ ရရှိအောင်လုပ်ဆောင်ရန်မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကရင်ချောင်းရွာအနီး ကရင်ချောင်းကိုဖြတ်၍ အရှည်ပေ ၁၅၀၊ အကျယ်၁၄ ပေ၊ အမြင့်ရှစ်ပေရှိ သစ်သားတံတားဆောက်လုပ်နေသော လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ တံတားအရည်အသွေးကောင်းမွန်ရေး၊ မိုးမကျမီပြီးစီးရေး၊ ရေလမ်းကြောင်းမှန်ကန်ရေးတို့အား သေချာစွာဆောင်ရွက်ရန် တာဝန်ရှိသူတို့အားမှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ခရိုင်ချင်းဆက်လမ်း အမှတ် (၂)လမ်းကြောင်းတစ်လျှောက် စစ်ဆေးကြည့်ရှုပြီး ရေတာရှည်မြို့နယ် ရှမ်းတက်ရွာအနီး တောင်ကိုဖြတ်၍ မြေသားလမ်းဖောက်လုပ်နေသော အတက်ကြီးစခန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီးအား တိုင်းညွှန်ကြားရေးမှူးနှင့် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)မှာသည် အရှည် ၃၃ မိုင်၊ ခြောက်ဖာလုံရှိပြီး ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင်မြေသားလမ်း ၄ မိုင်၊ ၄ဒသမ ၈၇ ဖာလုံ၊ ကျောက်ချောလမ်း ၇မိုင် ၂ ဖာလုံ၊ သစ်သားတံတားကိုးစင်း၊ ရေပြွန်တံတား၊ ၃၁ စင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

သဲအင်းဂူခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၃

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဥတ္တရ(လားရှိုး) အရှင်သူမြတ်သည် မေ ၂၂ ရက်မှ ၂၉ ရက်ထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မေ ၂၁ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းကြီး ဆောက်လုပ်ရန်အတွက် မေ ၈ ရက်က မိခင် ဒေါ်ခင်ကြည်အား အမှူးထား၍ ဦးအေးသန်း(အငြိမ်းစား၊ ကုန်သွယ်ရေးမန်နေဂျာ)-ဒေါ်တင်အေး၊ သားသမီး မြေးများက အလှူငွေကျပ်နှစ်သိန်းကို စေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

ရန်ကုန်ကျောက်မျက်ရတနာပင်ရင်းဈေးကွက်ကို ကမ္ဘာကသိပြီး ဈေးကွက်ကြီးမားလာအောင်လုပ်ရန်လို ကျောက်မျက်ရတနာလုပ်ငန်းများ ဥပဒေနှင့်အညီ တိုးတက်ဖွံ့ဖြိုးလာရန် ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် မေ ၁၃

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီဝင်များနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာ့ကျောက်မျက် ရတနာလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးတွင် ဆွေးနွေးမှာကြား စဉ်။ (သတင်းစဉ်)

နယ်ချဲ့နဲ့ အပေါင်းပါအဖျက်သမားများ ပြည်ထောင်စုကြီးကို ဖြိုခွဲပစ်ဖို့ အကြံကြီးကြံစည်နေ စဝ်ခမ်ဖနဲ့ပြည်ပြေးတစ်စုရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေးအကြံဆိုးကို လုံးဝလက်မခံ၊ ရာသက်ပန်မလိုလား ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် လူထုအစည်းအဝေးကြီးကျင်းပပြီး ဆန့်ကျင်ရှုတ်ချ

ရန်ကုန် မေ ၁၃

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၁ ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် သီပေါမြို့ ဒုဋ္ဌဝတီအားကစားကွင်း၌ ကျင်းပရာ သဘာပတိ သီပေါမြို့ ပန်းထိမ်တောင်ရပ်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းလွန်းသာက အဖွင့်မိန့်ခွန်းကို အောက်ပါအတိုင်း ပြောကြားသွားသည်-

လေးစားချစ်ကြည်အပ်ပါသော တိုင်းရင်းသား ပြည်သူ လူထုကြီးခင်ဗျား

ကျွန်တော့်ကို ဒီအခမ်းအနားမှာ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ပြုတဲ့အတွက် အားလုံးကို ကျေးဇူးတင်ကြောင်း၊ ဝမ်းမြောက်ဂုဏ်ယူကြောင်း ဦးစွာတင်ပြပါရစေ။ ဒီနေ့ကျင်းပတဲ့ လူထုအစည်းအဝေးကြီးကို တက်ရောက်လာကြတဲ့ တိုင်းရင်းသားပြည်သူအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်ဝပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဒီကနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူ လူထုကြီး ခုလိုစုဝေးပြီး အစည်းအဝေးကျင်းပရတဲ့ အကြောင်းရင်းကို ပဏာမ တင်ပြလိုပါတယ်။

ဖိနှိပ်သွေးစုပ်

အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးမှုအသွယ်သွယ်ကို ရရှိခံစားနေရတဲ့ ကျွန်တော်တို့ ပြည်ထောင်စုသားတွေ၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသားပြည်သူတွေ၊ အထူးသဖြင့် သီပေါမြို့နယ်မှ ဒေသခံ တိုင်းရင်းသားပြည်သူတွေဟာ နယ်ချဲ့စော်ဘွားများရဲ့ မတရားဖိနှိပ်သွေးစုပ်တဲ့ဒဏ်နဲ့ သောင်းကျန်းမှုဒဏ်ကို ဆယ်စုနှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ကြရတာဖြစ်လို့ ဘယ်သူမျှ မေ့နိုင်ကြဦးမှာ မဟုတ်ပါဘူး။

ပြည်တွင်း၊ပြည်ပ အဖျက်သမားများနဲ့ ကိုလိုနီ နယ်ချဲ့ လက်သစ်များသာ ဝင်ရောက်စွက်ဖက်မနှောင့်ယှက်ရင် ကျွန်တော်တို့ပြည်ထောင်စုကြီးဟာ ရာခိုင်နှုန်းပြည့် ငြိမ်းချမ်းနေမှာဖြစ်သလို နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ▲



ပြည်ထောင်စုကြီး ပြိုကွဲသွားရင် နယ်ချဲ့သမားက ထပ်မံဝင်ရောက်ပြီး ခြယ်လှယ်စိုးမိုးကုပ်သွေးစုပ်အမြတ်ထုတ်ဦးမယ်။ နယ်ချဲ့သမားရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြိုခွဲရေးလုပ်ရပ်မှာ ကိုယ်ထိလက်ရောက် ပါဝင်သစ္စာဖောက်နေကြတဲ့ အဖျက်သမားတွေကတော့ နယ်ချဲ့သမားပစ်ကျွေးတဲ့ အရိုးအရင်းကို ဝိုင်းကိုက်ကြရမယ်။ ဒီလိုရည်ရွယ်ချက်တွေနဲ့ အမိမြေအပေါ်သစ္စာဖောက်ပြီး ပြည်သူအပေါ်သစ္စာပျက်တဲ့ အဖျက်သမားတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးက စက်ဆုပ်ရွံရှာနေကြပါတယ်။

ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထု အစည်းအဝေးကြီးတွင် သဘာပတိ သီပေါမြို့ ပန်းထိမ်တောင်ရပ်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းလွန်းသာ အဖွင့်မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)